# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 11 July 2024 ၁၁၅၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး

## ဘဏ်များသည် ငွေအပ်နှံသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့်ခိုင်မာမှု ထိန်းသိမ်းရေးကို တစ်ပါတည်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၀

| | |
|---|---|
| ပူတာအို | ၁ ဒသမ ၉၇ လက်မ |
| မြစ်ကြီးနား | ၁ ဒသမ ၈၉ လက်မ |
| တောင်ငူ | ၁ ဒသမ ၅၄ လက်မ |
| ဖြူး | ၁ ဒသမ ၃၇ လက်မ |
| ပဲခူး | ၁ ဒသမ ၂၅ လက်မ |


## ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ်အချိန်နဲ့အမျှ ဘဏ်တွေရဲ့ ငွေသွင်း/ ငွေထုတ်အပ်နှံငွေ အခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူတွေအနေနဲ့ ကောလာဟလအပေါ် နားမယောင်ကြဖို့ ပြောကြားလိုပါတယ်**

တွေ့ဆုံမေးမြန်း

စာမျက်နှာ » ၃

**မမေ့အပ်သော အာဇာနည်နေ့နှင့် ပြည်သူပြည်သားအားလုံး ဖြည့်ဆည်းရန် တာဝန်ရှိသည့် အာဇာနည်တို့ မျှော်မှန်းသော ပန်းတိုင် . . .**

ဆောင်းပါး စာမျက်နှာ » ၆

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၉

ကြေးမုံ

# အဖျက်လုပ်ရပ်များကို ဆန့်ကျင်တိုက်ဖျက်

မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု လူမှုစီးပွားဘဝလုံခြုံရေးအတွက် အလေးထားလုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ပြည်သူလူထုအကျိုးစီးပွားကို အလေးထားဆောင်ရွက်နေချိန်တွင် အဖျက်သမားသောင်းကျန်းသူများက ပြည်သူလူထု အကျိုးစီးပွားပျက်ပြားအောင် မြို့ရွာများအား တိုက်ခိုက်ဖျက်ဆီးနေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ယမန်နှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှစတင်ပြီး MNDAA သည် TNLA၊ AA အဖွဲ့တို့နှင့်ပူးပေါင်းပြီး အထူးဒေသ(၂) “ဝ” ဒေသမှတစ်ဆင့် တရုတ်-မြန်မာနယ်စပ်မြို့ဖြစ်သော ချင်းရွှေဟော်မြို့ကို စတင်တိုက်ခိုက်ခဲ့သည်။ တစ်ပြိုင်တည်းပင် နမ့်ခမ်း၊ သိန္နီ၊ ကွတ်ခိုင်မြို့တို့ကို TNLA အဖွဲ့က တိုက်ခိုက်ခဲ့သည်။ ထို့ပြင် ကွမ်းလုံမြို့နှင့် လောက်ကိုင်မြို့တို့ကိုလည်း တိုက်ခိုက်ခဲ့သည်။

ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် TNLA အဖွဲ့သည် မန်တုံဒေသတစ်ဝိုက်ကို တိုက်ခဲ့ပြီး TNLA ပူးပေါင်းအဖွဲ့သည် နမ္မတူမြို့နှင့် ဒေသတစ်ဝိုက်ကို တိုက်ခိုက်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင်လည်း MNDAA နှင့် ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့နှင့် ဒေသတစ်ဝိုက်ကို တိုက်ခိုက်ခဲ့သည်။ ပြီးခဲ့သည့် ဇွန်လ ၂၅ ရက်နေ့တွင် TNLA ပူးပေါင်းအဖွဲ့သည် နောင်ချို၊ ကျောက်မဲမြို့နှင့် ဒေသတစ်ဝိုက်တို့ကို တိုက်ခိုက်ခဲ့သည်။ ဇူလိုင်လ ၃ ရက်နေ့တွင် MNDAA ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ဝန်းကျင်ကို စတင်တိုက်ခိုက်ခဲ့ပြီး မြို့တွင်းသို့ ရှော့တိုက်ဒုံးများ၊ ဒရုန်းနှင့် ဒရော့ဗုံးများ နေ့စဉ်ပစ်ချ၍ တိုက်ခိုက်ခဲ့သည်။

လားရှိုးမြို့ကို ဇူလိုင်လ ၃ ရက်နေ့မှစ၍ အဝေးမှ နေ့စဉ် ရှော့တိုက်ဒုံးများ၊ ဒရုန်းဗုံးများဖြင့် မဆင်မခြင်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၈ ဦး သေဆုံးပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လားရှိုးလေဆိပ်အနီး ထင်ရှားသည့် တရုတ်ဘုံကျောင်းကို ဒရုန်းနှင့် ဒရော့ဗုံးများ ပစ်ချတိုက်ခိုက်မှုကြောင့် တရုတ်လူမျိုးများကိုးကွယ်ရာ ဘုရားကျောင်းပျက်စီးသွားသဖြင့် ဒေသခံတရုတ်လူမျိုးများအပါအဝင် တိုင်းရင်းသားပြည်သူများက MNDAA နှင့် အပေါင်းပါအဖွဲ့များ အလိုမရှိကြောင်း ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့ကြသည်။ သောင်းကျန်းသူများသည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များသာမက ဘာသာရေးဆိုင်ရာ အဆောက်အအုံများကိုပါ ရက်စက်ယုတ်မာစွာ ဖျက်ဆီးနေကြသည်။

MNDAA သည် စတင်တိုက်ခိုက်စဉ်က ကျားဖြန့်ဟုခေါ်သည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ရန်ဆိုသည့်ခေါင်းစဉ်ဖြင့် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကိုးကန့်နယ်မြေ အထူးဒေသ(၁)ရရှိရေးလုပ်ဆောင်လာသည်ကို တွေ့ရသည်။ ထို့နောက် အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG နှင့် တွေ့ဆုံဆွေးနွေး ရှင်းလင်းပြသမှုများ လုပ်ဆောင်လာသည့်အပြင် NUG အဖွဲ့၏ အသံကိုလိုက်၍ ပြောဆိုနေကြပြီး ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန် ကိုးကန့်ဒေသ၏ ပြင်ပနယ်မြေများကိုပါ ချဲ့ထွင်တိုက်ခိုက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

လက်နက်ကိုင်သောင်းကျန်းသူများသည် ကိုးကန့်နယ်မြေအတွင်းမှ ကလေးငယ်များပါမကျန် လူသစ်စုဆောင်းသည့်အပြင် ကိုးကန့်ဒေသ၌ အလုပ်လုပ်ကိုင်ကြသည့် ဗမာအပါအဝင် တိုင်းရင်းသားအလုပ်သမားများကို ဖမ်းဆီးပြီး MNDAA အဖွဲ့အတွင်းသို့ အတင်းအဓမ္မထည့်သွင်းကာ တိုက်ပွဲဝင်ခိုင်းသည်ဟု သိရသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများကို အနိုင့်အထက်ပြုလုပ်ပြီး စာသင်ကျောင်းများကို ပိတ်ပစ်ကာ ပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးအောင် ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် နယ်မြေချဲ့ထွင် အဓမ္မလုပ်ဆောင်မှုများကြောင့် ၎င်းဒေသအတွင်းရှိသည့် လက်နက်ကိုင်အဖွဲ့များအချင်းချင်း နယ်မြေလုအငြင်းပွားမှုများဖြစ်ပြီး တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

သောင်းကျန်းသူအဖျက်သမားများသည် လက်နက်အားကိုးဖြင့် စစ်ဘုရင်ဝါဒကို ထူထောင်လိုသူများဖြစ်သည်။ တိုင်းရင်းသားဒေသများတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်ဘဲ ဆက်ကြေးကောက်၊ သယံဇာတခိုးထုတ်၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်ပြီး စစ်အင်အားကိုချဲ့ထွင်ကာ တိုင်းရင်းသားပြည်သူများကို နှိပ်စက်ညှဉ်းပန်းနေကြသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် မြို့ခံလူထု၊ ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ လူမျိုးရေး၊ နယ်မြေဒေသရရှိရေး၊ ဒုစရိုက်မှုများနှိမ်နင်းရေးဟု အကြောင်းပြပြီး ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန် သောင်းကျန်းသူတို့၏ ဓလေ့စရိုက်အတိုင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြသည်။ ပြည်ထောင်စုကြီးအတွင်း အတူတကွနေထိုင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ထားရှိရမည့်အစား ပြည်ထောင်စုကြီးပြိုကွဲအောင်၊ ပြည်ထောင်စုဖွားများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးအောင် ဖျက်ဆီးနေသည့် အကြမ်းဖက်အဖျက်သမားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း။ ။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

“ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ”

“Helping vulnerable populations in emergencies”

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်


## မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်း ငါးကောင်ရေ သုံးသိန်းမျိုးစိုက်ထည့်

မြစ်သား ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ မြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုရရှိစေရေးတို့အတွက် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပိန္နဲပင်ကျေးရွာအနီး၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားသို့ မြစ်သားမြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးဌာနမှူး ဒေါ်နီလာအေး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမောင်မောင်ငြိမ်း၊ ကူမဲမြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့ ၂၀ တို့က ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းအား ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၈၀၀ | ၃၂၉ | ၂,၈၉၉,၄၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၁,၅၁၀ | ၅,၀၅၈,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၇၃ | ၅၉၈,၆၀၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၃,၀၀၄ | ၄,၉၆၆,၅၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃ | ၈,၄၀၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၁,၇၅၂ | ၃,၀၇၇,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၃,၅၀၀ | ၃,၅၀၀ | ၁,၂၆၂ | ၄,၄၁၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

- မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် ဗဟိုဘဏ်နှင့်ဘဏ်များသည် သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော်ယခုအခါတွင် သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်မှုများသည် နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာ ကြီးကြပ်ဆောင်ရွက်ပေးနေ
- ပြည်သူလူထုအနေဖြင့်လည်း မလိုအပ်ဘဲ ငွေကြေးအမြောက်အမြား ထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲပြီး ထုတ်ယူခြင်းများ မပြုလုပ်ကြရန်လည်း လိုအပ်

✻ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖိတ်ခေါ်တွေ့ဆုံခြင်းဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက နိုင်ငံတော်၏ အရေးပါသော ငွေရေးကြေးရေးကဏ္ဍအတွင်း ကြီးမားသောတာဝန်များ ထမ်းဆောင်နေကြသည့် ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရနှင့်ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်၊ နိုင်ငံတော်၏ငွေကြေးစနစ်တည်ငြိမ်မှုရှိပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အပြန်အလှန်နားလည်မှုများ အပြည့်အဝရရှိစေရန် ရည်ရွယ်၍ ဖိတ်ခေါ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များသည် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုထိန်းသိမ်းရေးကို တစ်ပါတည်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ယင်းအခြေအနေကို ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ဗဟိုဘဏ်နှင့် ဘဏ်များပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဘဏ်များ၏လိုအပ်ချက်ကို နိုင်ငံတော်အစိုးရနှင့် ဗဟိုဘဏ်တို့က ပံ့ပိုးနေသကဲ့သို့ ဘဏ်များကလည်း နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစနစ်ဖြင့် ယှဉ်ပြိုင်ခြင်း ထက် ကိုယ်ကျိုးစီးပွားကြောင့် လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားမှုပြုခြင်းများကြောင့် အများပြည်သူ၏အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေပါက သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ကြီးကြပ်ဆောင်ရွက်ပေးနေ

မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် ဗဟိုဘဏ်နှင့် ဘဏ်များသည် သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော်ယခုအခါတွင်သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်မှုများသည် နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာ ကြီးကြပ်ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း မလိုအပ်ဘဲ ငွေကြေးအမြောက်အမြားထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲပြီး ထုတ်ယူခြင်းများ မပြုလုပ်ကြရန်လည်း လိုအပ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအင်အားနည်းပါးလာခြင်းအပေါ် ဘဏ်များ၏ဝန်ဆောင်မှုလုပ်ငန်းများ လစ်ဟာမှုမရှိစေရန် အကြိမ်ကြိမ်ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်စေလိုပါကြောင်း၊ ဘဏ်များတွင် နိုင်ငံသားလူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန် လိုအပ်ပါကြောင်း၊ Card စနစ်များ၊ e – Banking ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး အလေးထားဆောင်ရွက်သွားစေလိုပါကြောင်း၊ ဝန်ဆောင်မှုအရည်အသွေး အပြည့်အဝရှိသည့် ဘဏ်ခွဲများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားစေလိုပါကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားလို

နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဘဏ်လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများကို ပြည်သူများ၏ အကျိုးစီးပွားအား အပြည့်အဝ ကာကွယ်စောင့်ရှောက်မည့် ပုဂ္ဂိုလ်များအဖြစ် အားကိုးအားထားပြုပြီး ပူးပေါင်း ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဘဏ်တာဝန်ရှိသူများအဆင့်ဆင့်က အထူးအလေးထား ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရ၊ အများပြည်သူနှင့် ဘဏ်များအကြား သုံးဦးသုံးဖလှယ် အကျိုးရှိသည့် Win – Win – Win Situation ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဘဏ်များ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ခိုင်မာအားကောင်းသည့် ငွေရေးကြေးရေးကဏ္ဍဖြစ်ပေါ်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဘဏ်လုပ်ငန်းရှင်အများစုသည် စီးပွားရေးလုပ်ငန်းရှင်ကြီးများလည်း ဖြစ်သဖြင့် ကန်ထရိုက်လယ်ယာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် လုပ်ငန်းစုများ အသင်းစုများအဖြစ် တိုးချဲ့၍ ပူးပေါင်းရင်းနှီးမြှုပ်နှံ ဆောင်ရွက်သင့်ကြောင်း၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်း၌ စက်ရုံအလုပ်ရုံများ တည်ဆောက်၍ Value Add ထုတ်ကုန်များ ထုတ်လုပ်သင့်ကြောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ် အချိန်နဲ့အမျှ ဘဏ်တွေရဲ့ ငွေသွင်း/ ငွေထုတ်အပ်နှံငွေ အခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူတွေအနေနဲ့ ကောလာဟလအပေါ် နားမယောင်ကြဖို့ ပြောကြားလိုပါတယ်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်**

လက်ရှိအခြေအနေတွင် ပုဂ္ဂလိကဘဏ်များ၌ ငွေထုတ်ယူမှုများပြားလာပြီး ငွေသားထုတ်ယူမှုကိုလည်း ကန့်သတ်နေကာ အကန့်အသတ်ဖြင့်သာ ငွေထုတ်ပေးနေကြောင်း စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ ဖြစ်ပေါ်လျက်ရှိရာ ယင်းသတင်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်–

**မေး။ လူမှုကွန်ရက်စာမျက်နှာတွေမှာ ပုဂ္ဂလိကဘဏ်တွေမှာငွေထုတ်ယူမှုများပြားလာတယ်၊ ငွေသားထုတ်ယူမှုကိုလည်း ကန့်သတ်နေတယ်၊ ပုဂ္ဂလိကဘဏ်တွေက အကန့်အသတ်နဲ့သာ ငွေထုတ်ပေးနေတယ် စသဖြင့် ရေးသားဖော်ပြပြောဆိုနေတာကို တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဗဟိုဘဏ်အနေနဲ့ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ဗဟိုဘဏ်အနေနဲ့ အစိုးရရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကို အကောင်အထည်ဖော်ရာမှာ ဒစ်ဂျစ်တယ်ငွေပေးချေမှုကို ပိုမိုအလေးပေးအကောင်အထည်ဖော်နေပြီး ငွေသားစီမံခန့်ခွဲမှု အစီအစဉ်တွေအတိုင်း Digital Platform တွေ တည်ဆောက်ထားပါတယ်။ ဘဏ်တွေက Payment Platform တွေတည်ဆောက်နေပြီး လက်ရှိမှာလည်း အဆင်ပြေစွာဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာငွေပေးချေမှုမှာလည်း ဘဏ်တွေကတစ်ဆင့် ဆောင်ရွက်နိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်တွေအနေနဲ့ သတ်မှတ်စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ငွေသားထုတ်ယူခွင့်ပြုနိုင်ဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယခင်ကတည်းက အကြိမ်ကြိမ် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဥပမာ– Special Account ဖြစ်ရင် ငွေသားထည့်သွင်းခဲ့တဲ့ ပမာဏအတိုင်း ထုတ်ယူခွင့်ပြုထားပါတယ်။ ဒါ့အပြင် ငွေပေးချေမှုတွေ လျင်မြန်စွာ အဆင်ပြေနိုင်စေဖို့အတွက် ဒစ်ဂျစ်တယ် ငွေပေးချေမှုနည်းလမ်းတွေဖြစ်တဲ့ Electronic Card တွေ၊ ဘဏ်တွေရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ Mobile Pay တွေ၊ Internet ဘဏ်လုပ်ငန်းတွေ၊ Mobile Wallet တွေ အသုံးပြုပြီး ငွေလွှဲပြောင်းပေးချေမှုတွေ ဆောင်ရွက်နိုင်ပါတယ်။ လက်ရှိမှာလည်း အဆင်ပြေစွာဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် ငွေပေးချေမှုတွေနဲ့ ငွေကြေးလွှဲပြောင်းခြင်းတွေအတွက် အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပြီး စိုးရိမ်ပူပန်မှုမရှိကြဖို့ ပြောကြားလိုပါတယ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်

**မေး။ လက်ရှိအခြေအနေမှာ ပြည်ဖျက်မီဒီယာတွေရဲ့ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူတွေစိုးရိမ်ပူပန်မှုဖြစ်ပြီး ဘဏ်တွေက ငွေသားထုတ်ယူနေကြတာ တွေ့ရှိရပါတယ်။ ဗဟိုဘဏ်အနေနဲ့ စီစဉ်ထားရှိမှုကို သိလိုပါတယ်။**

**ဖြေ။** လက်ရှိအခြေအနေမှာ ပြည်ဖျက်မီဒီယာတွေရဲ့ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူတွေ စိုးရိမ်ပူပန်မှုဖြစ်ပြီး ဘဏ်တွေက ငွေသားထုတ်ယူနေကြတယ်။ မသမာတဲ့ စီးပွားရေးသမားတွေက ဒေါ်လာဈေး၊ ရွှေဈေး၊ ဟွန်ဒီဈေးကစားမှုတွေကြောင့် ပိုမိုစိုးရိမ်မှုဖြစ်လာပြီး ငွေသားထုတ်ယူခြင်း၊ ငွေကြေးမတည်မငြိမ်ဖြစ်ခြင်းကတစ်ဆင့် ကုန်ဈေးနှုန်း မတည်ငြိမ်မှုကို ဖြစ်ပေါ်စေပြီး ကိုယ်ကျိုးစီးပွားရှာနေကြတာကို တွေ့ရှိနေရပါတယ်။

ပြည်ပနိုင်ငံအသီးသီးမှာ ငွေသားကိုင်တွယ်မှုကို လျှော့ချပြီး လုံခြုံစိတ်ချရတဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှု နည်းလမ်းတွေနဲ့သာ ပေးချေဆောင်ရွက်လျက်ရှိကြပါတယ်။ ငွေသားကိုင်တွယ်ခြင်းကြောင့် ငွေကိုရေတွက်စစ်ဆေးရပြီး ထိန်းသိမ်းရခြင်းအပြင် ရေ၊ မီးအန္တရာယ်၊ ခိုးသူ၊ လုယက်သူအန္တရာယ်တွေကြုံတွေ့ရနိုင်ပါတယ်။ ဒါ့အပြင် ငွေသားထုတ်ယူမှုများပြီး မလိုလားအပ်တဲ့ငွေကြေးဖောင်းပွမှုဖြစ်ကာ ကုန်သွယ်မှုမတည်မငြိမ်ဖြစ်ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနဲ့ ကုန်ဈေးနှုန်းကစားသူတွေကြောင့် ပြည်သူတွေအနေနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေကြရပါတယ်။ ဒါ့ကြောင့် အဆိုပါ မသမာမှုဆောင်ရွက်သူတွေ၊ ဈေးကစားသူတွေကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေက စိစစ်အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

စာမျက်နှာ ၄ သို့ ❍

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနီး သတ်မှတ်နေရာ၌ ကျင်းပသည်။

**စိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးသို့ သွားရာလမ်းဘေးဝဲယာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယနေ့ကမ္ဘာကြီးတွင် သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုများဖောက်ပြန်လာပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ အကျိုးဆက်များကို နှစ်စဉ်ခံစားနေရကြောင်း၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးအတွက် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် သဘာဝပတ်ဝန်းကျင်ကောင်းတွင် နေထိုင်ခွင့်ရရှိမည်ဖြစ်သဖြင့် သစ်ပင်စိုက်ပျိုးခြင်း အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသွားကြစေလိုကြောင်း ပြောကြားပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်သစ်ပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။



ထို့နောက် ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်၊ ငုဝါပင်၊ စိန်ပန်းပင်၊ ပျဉ်းမပင် စုစုပေါင်းပျိုးပင် ၂၀၀ ကို စနစ်တကျစိုက်ပျိုးခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၃ မှ

**မေး။ ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းတွေကို ဆောင်ရွက်ထားရှိတယ်လို့ ပါရှိပေမယ့် လက်တွေ့သွားရောက် ထုတ်ယူတဲ့အခါမှာ အချို့ပုဂ္ဂလိကဘဏ်တွေက ကန့်သတ်ချက်နဲ့ ထုတ်ပေးနေတဲ့အတွက် ဒီအပေါ်မှာ ပိုပြီးရှင်းလင်းအောင် ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ဒီမေးခွန်းနဲ့ပတ်သက်လို့ ရှေ့ပိုင်းမှာလည်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ မိမိအပ်နှံထားတဲ့ အပ်နှံငွေအမျိုးအစားပေါ်မူတည်ပြီး ငွေထုတ်ယူရာမှာ ကွဲပြားမှုရှိနိုင်ပါတယ်။ Special Account ဆိုရင် မိမိငွေသားထည့်သွင်းခဲ့တဲ့ ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း Saving Account ဆိုရင် တစ်ပတ်တစ်ကြိမ် ငွေထုတ်ယူနိုင်ပါတယ်။ စာရင်းသေအပ်ငွေ Fix Deposit ဆိုရင် သက်တမ်းပြည့်တဲ့အချိန်မှသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်း အဟောင်းတွေနဲ့ပတ်သက်ပြီး ဘဏ်ကနေ ငွေထုတ်ယူရာမှာ ၂၀၂၂ ခုနှစ် ဧပြီလက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့တဲ့ ငွေသားစီမံခန့်ခွဲမှုအဆင်ပြေစေရေး သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူတွေအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေဖြစ်တဲ့ Mobile ဘဏ်လုပ်ငန်း၊ Internet ဘဏ်လုပ်ငန်း၊ Account Transfer တွေနဲ့ ဘဏ်ဝန်ဆောင်မှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။ အထူးထပ်မံပြောကြားလိုတာကတော့ ပြည်သူတွေအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေကို အသုံးပြုပြီး ငွေကြေးလွှဲပြောင်းမှုတွေ၊ သုံးစွဲမှုတွေကို ပိုမိုတိုးတက်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မေး။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေအပေါ် ထိန်းကျောင်း ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေကို ဖြည့်စွက်ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေရဲ့ လိုအပ်ချက်ငွေသားများကို လုံလောက်စွာဖြည့်ဆည်းထုတ်ပေးလျက်ရှိပါတယ်။ ဘဏ်တွေအနေနဲ့လည်း ငွေလာရောက်ထုတ်ယူသူတွေကို ဘဏ်မှာသိုလှောင်နိုင်တဲ့ ငွေသားပမာဏအတွင်း သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ထုတ်ပေးလျက်ရှိနေပါတယ်။ ယခင်အတွေ့အကြုံများအရ ကောလာဟလတွေကြောင့် ပြည်သူတွေက ဘဏ်တွေက ငွေတွေစုပုံထုတ်ယူခြင်းကို ဗဟိုဘဏ်က ကောင်းမွန်စွာ စီမံထိန်းကျောင်းနိုင်ခဲ့ပြီး ဘဏ်ရဲ့ဝန်ဆောင်မှုတွေ အဆင်ပြေစွာ လည်ပတ်နိုင်ခဲ့ပါတယ်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ်အချိန်နဲ့အမျှ ဘဏ်တွေရဲ့ ငွေသွင်း/ငွေထုတ်အပ်နှံငွေ အခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူများအနေနဲ့ ကောလာဟလအပေါ် နားယောင်နေဖို့၊ စိုးရိမ်ပူပန်နေဖို့ မလိုအပ်ဘဲ ယုံကြည်စွာနဲ့ အများပြည်သူအကျိုးကိုကြည့်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။**

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**

# ကျိုင်းတုံမြို့၌ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျိုင်းတုံ ဇူလိုင် ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၉ ရက်က ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (ကျိုင်းတုံ)ရုံးတွင် ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်က ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာဥပဒေ၏ ရည်ရွယ်ချက်များ၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမည့်စည်းကမ်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး ကော်မတီ၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေး ကော်မတီဝင်များ၊ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများမှ တာဝန်ရှိသူများက နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေး၊ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်စေရန်၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း စသည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဇူလိုင် ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ ဖိတ်ကြားချက်အရ နယူးဒေလီမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာအီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် Mr. Daba Debele Hunde အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် Mr. Daba Debele Hunde ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုကျိုမြို့တွင် အခြေစိုက်သည့် သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီသီယိုးပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနှင့် အီသီယိုးပီးယားနိုင်ငံတို့၏ လက်ရှိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံရှိရင်းစွဲ ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်ရေး ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ သဘာဝဘေး တုံ့ပြန်ဆောင်ရွက်မှု အတွေ့အကြုံများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသန့်စင် မြန်မာ-ရုရှား စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့အကြား မြန်မာ-ရုရှား စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Mochalnikov တို့နှင့်အတူ နှစ်ဖက်ပူးတွဲလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက်စနစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ LNG ဝယ်ယူတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်လည်ပတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရေနံထွက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရယူရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်ခန့်တွင် ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များ၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေး



ရန်ကုန် ဇူလိုင် ၁၀

၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကောက်ခံလျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များ၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်က အောင်ဘာလေသိန်းဆုဌာနခွဲ(ထီဖွင့်ပွဲခန်းမ)၌ ကျင်းပသည်။

အခမ်းအနားတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃) ဌာနမှူးက အဖွင့်အမှာစကားနှင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း ဆိုင်ရာ သိကောင်းစရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးများက ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာကြသော ကုမ္ပဏီ အခွန်ထမ်းများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းများနှင့် စားသောက်ဆိုင်လုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီ ၁၂၀ မှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# မမေ့အပ်သော အာဇာနည်နေ့နှင့် ပြည်သူပြည်သားအားလုံး ဖြည့်ဆည်းရန်တာဝန်ရှိသည့် အာဇာနည်တို့ မျှော်မှန်းသောပန်းတိုင် . . .

ခင်ရတနာ

ဇူလိုင်လ ၁၉ ရက်နေ့သည် မိမိတို့နိုင်ငံသားအားလုံးအတွက် အစဉ်အောက်မေ့ လွမ်းဆွတ်ဖွယ်နေ့တစ်ရက်ဖြစ်ခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ကိုလိုနီတို့လက်အောက် နှစ်ပေါင်း ၁၀၀ ကျော်မျှ နေထိုင်ခဲ့ရပြီး လွတ်လပ်ရေး၏ အသီးအပွင့်တို့ ဖူးပွင့်လာဖို့ လက်တစ်ကမ်းအလို၊ တောင်ပေါ်မြေပြန့် အတူတကွပေါင်းစည်းကာ လွတ်လပ်သော မြန်မာနိုင်ငံဖြစ်လာစေဖို့ စစ်ရေး၊ နိုင်ငံရေးအရ ဦးဆောင်ကြိုးပမ်းနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ဟု သတ်မှတ်ခံထိုက်သည့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသောနေ့၊ ပြည်သူပြည်သားတို့ မျက်ရည်မဆည်နိုင် ငိုပွဲကြီးရသည့်နေ့ တစ်နည်းအားဖြင့် ယနေ့နှောင်းလူတို့တိုင် ဝမ်းနည်းယူကျုံးမရဖြစ်ရသည့် နေ့တစ်နေ့ပင် မဟုတ်ပါလော။


ဗိုလ်ချုပ်အောင်ဆန်း ဦးဘဝင်း မန်းဘခိုင် စဝ်စံထွန်း ဦးရာဇတ် ဒီးဒုတ်ဦးဘချို သခင်မြ ဦးအုန်းမောင် ရဲဘော်ကိုထွေး

အာဇာနည်ဆိုသည့် ဝေါဟာရမှာ အာဇာနေယျ ဟူသည့် ပါဠိမှဆင်းသက်လာပြီး လျင်မြန်စွာ သိတတ်သူဟု အဓိပ္ပာယ်ရသည်။ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် **“သင့်မသင့်ကို ခဏချင်းသိ၍ ရဲဝံ့စွာ ဆောင်ရွက်တတ်သူ”**ဟု ဖွင့်ဆိုထားပြီး မြန်မာ အဘိဓာန်၌မူ **“ အကြောင်းဟုတ်သည်၊ မဟုတ်သည် ကို ကောင်းစွာသိသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ”** ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ဓမ္မပဒတွင်မူ **“အာဇာနည်တစ်ဦး ပေါ်ပေါက်လာခဲ့ပါက ထိုနေရာသည် ချမ်းသာရန် သေချာသွားပေပြီ”**ဟု ညွှန်းဆိုထားသည်။

အာဇာနည်ဟူသည့် ဘွဲ့ထူးသည်ကား အများ အကျိုးအတွက် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံ၍ ရဲစွမ်းသတ္တိကို အခြေခံကာ အသက်နှင့်ရင်းပြီး နိုင်ငံအတွက် စွန့်လွှတ်ကြိုးပမ်းသူများအား ပြည်သူအများက **“အာဇာနည်”** ဟု နှလုံးသား ထက်ဝယ် ဦးညွှတ်ချီးကျူးဂုဏ်ပြုရာမှသည် ကမ္ပည်းတင် ရေးထိုးခြင်းခံရသူများဟု ညွှန်းဆိုလို ပါသည်။

အတိတ်သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် အင်္ဂလိပ်တို့က ကျူးကျော်စစ်ပွဲ သုံးကြိမ်ကာလတို့ အပြင် ကိုလိုနီခေတ်တစ်လျှောက် သမိုင်းမတင်သော်လည်း အာဇာနည်စိတ်ဓာတ်ဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းသူ မျိုးချစ်သူရဲကောင်းများမှာ နိုင်ငံတစ်ဝန်း တောင်တန်း၊ ပြည်မ ဒေသစုံတွင် ရှိနှင့်ခဲ့ပြီးဖြစ်သည်။ တောင်ပေါ်၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးအတွက် အတူတကွ တိုက်ပွဲဝင်ခဲ့ကြချိန် ဗမာ့တပ်မတော်လက်အောက်ဝယ် မြန်မာလူမျိုးများသာမက တိုင်းရင်းသားလူမျိုး ပေါင်းစုံ ပါဝင်ခဲ့သည်။

မိမိတို့နိုင်ငံ လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်တို့ စတင်တည်ထောင်ခဲ့သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ အောင်မြင်မှုကြောင့် နယ်ချဲ့တို့ များစွာခေါင်းကိုက်ခဲ့ကြရသည်။ လွတ်လပ်ရေးကို အနုနည်းနှင့်မရလျှင် အကြမ်းနည်းသုံး၍ တိုက်ယူမည့် ခေါင်းဆောင်များ၏ သံမဏိခွန်အားသည် ပြည်သူတို့အကြား အမျိုးသားရေးစိတ်ဓာတ်များ တစ်ခဲနက် ပိုမိုပွင့်လန်းနိုးကြားလာခဲ့သည်။ ဦးဆောင်သူများ၏ တက်ကြွထက်သန်သော စိတ်စေတနာ၊ အနစ်နာခံမှု၊ တိုင်းရင်းသား ခေါင်းဆောင်များ၏ တစ်ထပ်တည်း နားလည် ပူးပေါင်းမှုတို့၏ ပြယုဂ်အဖြစ် ဗိုလ်ချုပ်တို့မကျဆုံးမီ နှစ်ဆန်းပိုင်းဖြစ်သည့် ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်၌ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်း၊ စာချုပ်ပါအတိုင်း ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလ အဖွဲ့ကြီးက အနိုင်ရရှိခဲ့ခြင်း၊ ဖဆပလအဖွဲ့၏ ညှိနှိုင်းစည်းရုံးမှုနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်ကြီးများပါဝင်လျက် မြေပြန့်တောင်ပေါ် မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွ အရယူမည်ဟူသည့် တူညီသည့်သဘောထားများ ပါဝင်သော ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့ခြင်းတို့မှာ လွတ်လပ်ရေးအောင်ပန်း ရရှိရေး၌ ကြီးမားစွာ အထောက်အကူပြုခဲ့သည်။

## သမိုင်းဝင်အာဇာနည်နေ့

ယင်းကာလ ဝန်ကြီးများအစည်းအဝေးကို ပုံမှန်အားဖြင့် ဗုဒ္ဓဟူးနေ့တွင် ကျင်းပလေ့ရှိသော်လည်း လွှတ်တော်ကော်မတီအစည်းအဝေးနှင့် တိုက်ဆိုင်နေသဖြင့် ၁၉၄၇ နှစ် ဇူလိုင်လ ၁၉ ရက် (စနေနေ့) သို့ ရွှေ့ဆိုင်းလိုက်ခြင်းသည် နိုင်ငံအတွက် ကြမ္မာငင်ကာ အကျည်းတန်စေခဲ့ခြင်းပေလား။ နိုင်ငံ့လွတ်လပ်ရေးအတွက် အခါမလပ် ကြံစည်တွေးတောနေခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းအတွက် မိမိကိုယ်တိုင်၏ လုံခြုံရေးမှာမူ ကျိုးပေါက်ခဲ့ရသည်။ မသမာသူတို့ စေလွှတ်လိုက်သည့် လက်မရွံ့တစ်စုက ဝန်ကြီးများအစည်းအဝေး ကျင်းပရာနေရာသို့ ရုတ်တရက် ရောက်ရှိလာခဲ့ကာ ဗိုလ်ချုပ်နှင့် ဝန်ကြီး ခြောက်ဦးတို့ ခန္ဓာကိုယ်အနှံ့သို့ ကျည်များ ဖောက်ထွင်းပစ်သွင်းခဲ့ကြလေတော့သည်။ လူမသမာတို့ ပစ်ခတ်လိုက်သည့် ကျည်ဒဏ်ရာ ၁၃ ချက်ဖြင့် နေရာတွင်ပင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ပြီး သခင်မြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ မန်းဘခိုင်၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်းတို့ ဝန်ကြီး ခြောက်ဦး၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ရဲဘော် ကိုထွေးတို့ ကျဆုံးခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းသည့် ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် နိုင်ငံ့ခေါင်းဆောင်တို့ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဇူလိုင်လ ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်၍ နိုင်ငံတော်အဆင့် အောက်မေ့ဖွယ်အထိမ်းအမှတ် ရက်တစ်ရက် အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်မှာ စိန်ရတုကျော်၍ ၇၇ နှစ်ပင် တိုင်ခဲ့ပြီဖြစ်သကဲ့သို့ အာဇာနည်တို့ သွေးနှင့်ရင်း၍ အရယူပေးခဲ့သည့် လွတ်လပ်ရေးရရှိခဲ့သည်မှာလည်း ၇၆ နှစ်တာခရီး ရှိလာခဲ့ပြီဖြစ်ပါသည်။

သို့သော် အတ္တအရင်းခံသည့် နိုင်ငံရေးအမြတ်ထုတ်သူအချို့နှင့် ဆင်ခြင်တုံတရား အားနည်းသော ဦးဆောင်သူအချို့၊ လူမျိုးရေးလှုံ့ဆော်မှုအမျိုးမျိုးကြောင့် မယုံကြည်မှု သံသယများနှင့် မညီညွတ်မှုတို့မှာ လွတ်လပ်ရေး၏ ဖွားဖက်တော်များအဖြစ် ယနေ့တိုင် အမြစ်မပြတ်နိုင်သေး။ လွတ်လပ်ပြီးစတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်အတူ နိုင်ငံ၏ အမျိုးသား အကျိုးစီးပွား မြှင့်တင်ရမည်ထက် တောင်တန်း-ပြည်မ အတူတကွ မြန်မာပြည်ကြီး အပေါင်းအစည်း မပျက်စေရန် ရှေးရှု၍ စစ်အင်အား ဖြည့်ဆည်းကာ စစ်မျက်နှာဖွင့်ရသည်။ အဆက်ဆက်သော ဦးဆောင်သူများက တိုင်းပြည်စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းရသည့်နည်းတူ ငြိမ်းချမ်းရေးနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ဆောင်ချက်များကို အရှိန်လျှော့၍မရသေး။

## ပြတ်သားသည့်စိတ်ဓာတ်

၁၉၄၇ ခုနှစ် မတ်လအတွင်း အသံလွှင့်မိန့်ခွန်း တစ်ရပ်၌ ဗိုလ်ချုပ်အောင်ဆန်းက **“လူငယ်နိုင်ငံရေး သမားတွေဟာ လွတ်လပ်တဲ့ မြန်မာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့လိုတယ်။ ဒီလိုမှမဟုတ်ရင် လွတ်လပ်တဲ့ မြန်မာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့် တင်းပြည့် ခံစားနိုင်မှာမဟုတ်ဘူး”**ဟု ဆိုခဲ့သည်။ ထို့အတူ **“လူထုဟာ နေ့တိုက်ခံရမလား၊ ညအတိုက် ခံရမလားဆိုပြီး မသေချာမရေရာတဲ့အဖြစ်ကို မလိုချင်ဘူး။ လွတ်လွတ်လပ်လပ် သွားလာရတဲ့ အဖြစ်ကိုသာ လိုချင်ကြတယ်”** ဟု ၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ည အသံလွှင့်မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့ဖူးသည်။ ဗိုလ်ချုပ်ပေးအပ်လိုသည့် လွတ်လပ်ရေး၏အရသာကို ပြည်သူများက အမှန်တကယ်ရယူနိုင်ကြဖို့ ညီညွတ်ရေးသည် အလွန်အရေးကြီးလှပါသည်။

## အနီးစပ်ဆုံးကာလနှင့် မျှော်လင့်ခြင်းပန်းတိုင်

ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်ကြာသည့် အချိန်တွင်လည်း တစ်ကျော့ပြန် ကိုယ်ကျိုးရှာ နိုင်ငံရေးအမြတ်ထုတ်သူတို့ကြောင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု ယိမ်းယိုင်ခဲ့ရပြီး ပြည်တွင်း စစ်မီးများ ပြန်လည်တောက်လောင်ခဲ့ရပြန်သည်။ **စာမျက်နှာ ၇ သို့** ❂

**❝ ဗိုလ်ချုပ်အောင်ဆန်းက “လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်တဲ့ မြန်မာပြည်မှာ သိပ်မမိုက်ကြဘဲ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့လိုတယ်။ ဒီလိုမှမဟုတ်ရင် လွတ်လပ်တဲ့ မြန်မာပြည်ဟာ လွတ်လပ်ရေး အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားနိုင်မှာမဟုတ်ဘူး”ဟု ဆိုခဲ့သည်။ ထို့အတူ “လူထုဟာ နေ့တိုက်ခံရမလား၊ ညအတိုက် ခံရမလားဆိုပြီး မသေချာမရေရာတဲ့အဖြစ်ကို မလိုချင်ဘူး။ လွတ်လွတ်လပ်လပ် သွားလာရတဲ့အဖြစ် ကိုသာ လိုချင်ကြတယ်” ဟု ၁၉၄၇ ခုနှစ် ဧပြီလ ၅ ရက်နေ့ည အသံလွှင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ဖူး သည်။ ဗိုလ်ချုပ်ပေးအပ်လိုသည့် လွတ်လပ်ရေး၏အရသာကို ပြည်သူများက အမှန်တကယ်ရယူနိုင်ကြဖို့ ညီညွတ်ရေးသည် အလွန်အရေးကြီး ❞**

❂ စာမျက်နှာ ၆ မှ

မိမိတို့နိုင်ငံ၏အရေးကို ဝင်ရောက်စွက်ဖက်လိုကြသည့် ပြည်ပနိုင်ငံများ၏ ထိုးနှက်မှု၊ မျက်နှာတစ်ဖက်တည်းသာမူ၍ မိမိတို့နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် လျစ်လျူရှုကာ တိုင်းပြည်ပျက်စီးမည့်လမ်းကြောင်းကို ဦးတည်အားပေးနေသည့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဖျက်အမှောင့်လုပ်ငန်းများကို တစိုက်မတ်မတ်ဖြင့် လုပ်ဆောင်ရင်း နိုင်ငံတော်အကျိုးဖျက်ဆီးနေကြသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ ဆင်ခြင်မဲ့လုပ်ရပ်များကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုအားနည်းကာ လူမှုစီးပွားဘဝများပြန်လည်ရုန်းထရန် များစွာအချိန်ယူရဦးမည်။

သဘာဝရေခံမြေခံကောင်းမွန်၍ ပထဝီနိုင်ငံရေးအချက်အချာဖြစ်ရာ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစကောင်းများစွာ မြင်တွေ့ရသော်လည်း အဖျက်အမှောင့်လုပ်ငန်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပေါပေါများများ ဝင်လာရမည့်အစား၊ ကောက်ပဲသီးနှံတို့ အလျှံအပယ် စိုက်ပျိုးထုတ်လုပ်ကြရမည့်အစား တလင်းတို့တွင် ကျည်ခွံများ ပြန့်ကျဲလျက် ပြည်သူတို့ ငြိမ်းချမ်းခြင်းကို ရှာဖွေနေရဆဲ။ သောင်းကျန်းသူများကြောင့် မဖွင့်ဖြစ်သေးသည့် စာသင်ကျောင်းများ၊ ဒေသမတည်ငြိမ်၍ ဖုန်အလိမ်းလိမ်းဖြင့် ရပ်တန့်ထားရသည့် ခရီးသွားလုပ်ငန်းများ၊ ယခင်က နေ့ညစက်သံ မစဲသော်လည်း နိုင်ငံရေးအခြေအနေကြောင့် ရပ်တန့်လိုက်ရသည့် စက်ရုံ၊ အလုပ်ရုံများ၊ နိုင်ငံရေးအမြတ်ထုတ်သူများ၏ ပရမ်းပတာ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်အဖျက်သမားတို့ကြောင့် အသက်ပေးခဲ့ကြရသည့် အပြစ်မဲ့ပြည်သူများ၊ အနှစ်နှစ်အလလ တည်ဆောက်ခဲ့ရသည့် နိုင်ငံပိုင်အဆောက်အအုံများ၊ လမ်း၊ တံတားများ စသည်တို့မှာ ပြန်လည်တည်ဆောက်ရန် ညီညီညွတ်ညွတ် အားသွန်ခွန်စိုက် ရုန်းကန်ကြမည်



ရန်ကုန်မြို့ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။

ဆိုလျှင်ပင် ချက်ချင်းလက်ငင်း ပြန်လည်ပြည့်စုံနိုင်ရန် အချိန်ပေးတည်ဆောက်ကြရမည် ဖြစ်ပါသည်။

**လွမ်းဆွတ်ကြေကွဲစွာဖြင့် အလေးအမြတ်ပြုပါသည်**

ဇူလိုင်လသည် မိုးတွင်းအခါသမယဖြစ်သည့်အားလျော်စွာ ၁၉ ရက်နေ့ မနက်ခင်းအများစုသည် ကောင်းကင်ဝဠာထက်ဝယ် တိမ်စိုင်တိမ်ခဲများက ပြိုတော့မလိုရှိနေတတ်သည်။ အချို့နှစ်များတွင် မိုးဖွဲကလေးများ ကျဆင်းနေတတ်ပါသည်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားခြေတော်ရင်းက အာဇာနည်ဗိမာန်၌ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များကို နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် အလေးပြုခြင်း၊ မိသားစုဝင်များနှင့် ပြည်သူတို့က နှစ်စဉ်ဂါရဝပြု၍ မမေ့မလျော့ ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို ပြသကြသည်။ ဗိုလ်ချုပ်တို့ ကျဆုံးသည့်အချိန်သို့ရောက်တိုင်း ဥသြဆွဲသည့်အသံ၊ မော်တော်ကား ဟွန်းရှည်ဆွဲသံတို့ကို ကြားရစမြဲ။

အာဇာနည်နေ့ဟူသည် အားလပ်ရက်ရခြင်း၊ အလေးပြုခြင်းနှင့် ဝမ်းနည်းကြေကွဲစွာဖြင့် သွားလေသူတို့ကို အမှတ်ရတမ်းတခြင်းတို့ထက် ပို၍ အဓိပ္ပာယ်များစွာရှိ၍ လေးနက်လှသည်။ ပြည်သူများအဖို့ အာဇာနည်တို့ အသက်စွန့်၍ ကြိုးပမ်းရယူပေးခဲ့သည့် လွတ်လပ်ရေး၏တန်ဖိုးနှင့် ဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်သဘောပေါက်ရမည့်နေ့ ဖြစ်ပါသည်။ အာဇာနည်တို့၏ တိကျပြတ်သားမှု၊ ရဲရင့်မှု၊ တည်ငြိမ်မှု၊ စွန့်လွှတ်အနစ်နာခံမှုများကို အတုယူရင်း မျိုးဆက်သစ်များအတွက် မှန်ကန်သော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ကို လက်ဆင့်ကမ်း သင်ကြားပြသခြင်းဖြင့် အာဇာနည်တို့ မျှော်လင့်သည့် ရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းကြခြင်းဖြင့် အရာထင်စွာ လွမ်းဆွတ်ကြနိုင်ပါစေကြောင်းတင်ပြရင်း ယခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် အာဇာနည်နေ့အား ကြိုဆိုဂုဏ်ပြုလိုက်ရပါတော့သည်။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှ လည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိ လည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကပါလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိ လည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့် ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်း ကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့် အချိန်များတွင် အခြားသင့်လျော်သော လမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## “အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း”

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်၊

(၂) ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

## (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့်စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲ ကျင်းပ



ပဲခူး ဇူလိုင် ၁၀

ပဲခူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲ ကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ရွှေရတုခန်းမ၌ ကျင်းပသည်။

**လက်ခံရယူပေး**

ဦးစွာ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက “အာဇာနည်နေ့ နှင့် ကျွန်ုပ်တို့ တာဝန်”၊ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့နိုင်မောင်က “ဗိုလ်ချုပ်၏ စံပြုရမည့် ကောင်းမြတ်သော အရည်အသွေး ၁၀ ချက်” စသည့်ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။

ယင်းနောက် ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ ရသ စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့ရာ စာကြည့်တိုက်မှူး အထက်တန်းပြ ဆရာမဒေါ်နီလာချိုက လက်ခံရယူပေးခဲ့သည်။

ထို့နောက် (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အာဇာနည်နေ့နှင့်ပတ်သက်သည့် သုတ/ ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

# စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပရဟိတစိတ်မွေးကြရန်နှင့် ခေါင်းဆောင်အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တိုက်တွန်းပြောကြား



နေပြည်တော် ဇူလိုင် ၁၀

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ စီမံကိန်းဆောင်ရွက်မည့် ဝန်ထမ်းများ၊ ကျေးရွာအဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် သင်တန်းများ ဖွင့်လှစ်ရာတွင် အမှန်တကယ်လုပ်ငန်းထူထောင်မည့်သူများကိုသာ စုစည်းပြီး သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးရန်နှင့် သင်တန်းဆင်းများကို လုပ်ငန်းထူထောင်နိုင်သည်အထိ လိုအပ်သောစက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို ရင်းနှီးပံ့ပိုးကူညီပေးရမည်ဆိုသည့် မူဝါဒချမှတ်ပေးခဲ့ကြောင်း၊ စက်ပစ္စည်းများ သုံးစွဲခွင့်ပေးရာတွင် ၎င်းတို့အမှန်တကယ် လိုအပ်သော၊ ဝယ်ယူလိုသော စက်ပစ္စည်းများကို ၎င်းတို့၏ ဆန္ဒသဘောထားနှင့်အညီ ဝယ်ယူသုံးစွဲခွင့် ပေးကြရန် အဓိကထားမှာကြားလိုကြောင်း။

## ပြန်လည်ပို့ချပေးရမည်

စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများကို ဦးဆောင်ပြီး ဆောင်ရွက်ကြမည့်ဌာနမှ စီမံကိန်းတာဝန်ခံများနှင့် ကျေးရွာ ၂၂၁ ရွာမှ ရွေးချယ်ထားသည့် ကျေးရွာအဖွဲ့ခေါင်းဆောင်များကို ခေါ်ယူပြီး စီမံကိန်းလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကို တက်ရောက်လာကြသည့် စီမံကိန်းဝန်ထမ်းများနှင့် ကျေးရွာအဖွဲ့ခေါင်းဆောင်များကလည်း သင်တန်းမှ သင်ကြားပေးခဲ့သည်များကို မိမိတို့၏ကျေးရွာများတွင် ကျန်ရှိခဲ့သည့် ကော်မတီဝင်များကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတာဝန်ခံများအနေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှု ရှိ/မရှိ၊ မြေပြင်တွင်ဖြစ်ပေါ်နေသောအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းစောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း (M&E) ကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ကျေးရွာ၏ စီမံကိန်းခေါင်းဆောင်များဖြစ်ကြ၍ ပရဟိတစိတ်မွေးကြရန်၊ ခေါင်းဆောင်အင်္ဂါရပ်များနှင့်အညီ ဦးဆောင်ကြရန်၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်၍ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ကြရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး/ ပြည်နယ်များမှ စီမံကိန်းဆောင်ရွက်မည့် ဝန်ထမ်းများနှင့် ကျေးရွာအဖွဲ့ခေါင်းဆောင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယခုသင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာစာရင်းရေးဆွဲနည်းနှင့် ထိန်းသိမ်းနည်းဘာသာရပ်၊ ဈေးကွက်ရှာဖွေရေးဆိုင်ရာ ဘာသာရပ်၊ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် ကုန်ထုတ်လုပ်ငန်းများ၏ ဝင်ငွေခွန်ဆိုင်ရာအသိပညာပေးခြင်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှု၊ လက်မှု၊ အပ်ချုပ်၊ ရက်ကန်းစသည့် ကုန်ထုတ်လုပ်ငန်းအမျိုးအစားအလိုက် အသိပညာပေးခြင်းတို့ကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း" များကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ ကျေးရွာ ၁၅၁ ရွာတွင် ဆောင်ရွက်ခဲ့ပြီး ကျေးရွာတစ်ရွာလျှင် လုပ်ငန်းထူထောင်လိုသူ ငါးဦးကို ရွေးချယ်ကာ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၇၅၅ ဦးကို လုပ်ငန်းထူထောင်ပေးနိုင်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း ကျေးရွာ ၂၂၁ ရွာ၌ ဆောင်ရွက်သွားမည်ဖြစ်ကာ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၁၁၀၅ ဦးကို လုပ်ငန်းထူထောင်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ရှက်ဖျန်းမြေဩဇာသုတေသနပြုစမ်းသပ်၊ သက်တမ်းရက် ၁၁၀ အောက်စပါးမျိုးများ နှိုင်းယှဉ်လေ့လာ



နေပြည်တော် ဇူလိုင် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ဆောင်ရွက်လျက်ရှိသည့် ဘက်စုံသုံးဟူးမစ်ရှက်ဖျန်းအပင်အားဆေးရည်များ၏ အကျိုးသက်ရောက်မှုကို လေ့လာစမ်းသပ်ခြင်းသုတေသနနှင့် သီးထပ်စွမ်းအားတိုးတက်ရေးအတွက် သက်တမ်းရက် ၁၁၀ အောက် စပါးမျိုးများ မျိုးစပ်မွေးမြူရန်အတွက် မိဘမျိုးများအဖြစ် အသုံးပြုရန် နှိုင်းယှဉ်လေ့လာခြင်း သုတေသနလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဟူးမစ်အပင်အားဆေးကို အသုံးပြုခြင်းကြောင့် အပင်၏ကြီးထွားမှုနှင့် အမြစ်များ၏ ဖွံ့ဖြိုးမှုကောင်းကာ အပင်အာဟာရဓာတ်စုပ်ယူမှုကို အထောက်အကူဖြစ်စေကြောင်း၊ အဆိုပါ ရှက်ဖျန်းအပင်အားဆေးကို အသုံးပြုခြင်းဖြင့် မူလမြေဆီလွှာအတွင်းရှိ အာဟာရဓာတ်များ စုပ်ယူမှုအပေါ် အကျိုးသက်ရောက်မှုနှင့် အပင်က စုပ်ယူသွားသည့် မြေတွင်းအာဟာရဓာတ်များ မျှတစွာပြန်လည်ဖြည့်တင်းပေးနိုင်ရေးကိုပါ သုတေသနပြုလေ့လာသွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တစ်နှစ်ပတ်လုံးစိုက်ပျိုးမည့်သီးနှံပုံစံတွင် သက်တမ်းတိုစပါးမျိုးများ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးရည်ရွယ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်၌ စုဆောင်းထားရှိသည့် သက်တမ်း ၁၁၀ အောက် စပါးမျိုးများ၏ မျိုးတစ်မျိုးချင်းကို နှိုင်းယှဉ်လေ့လာခြင်း စမ်းသပ်ကွက်များနှင့် သုတေသနမှတ်တမ်းကောက်ယူရာတွင် ပိုမိုအဆင်ပြေလွယ်ကူစွာကောက်ယူနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပညာရှင်များက QR code များပေး၍ မှတ်တမ်းထားကာ ဆန်းသစ်တီထွင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ဝါ၊ ပြောင်းနှင့် နှံစားသီးနှံ၊ ဟင်းသီးဟင်းရွက်သီးနှံ သုတေသနဌာနများမှ အပင်မျိုးမွေးမြူရေးပညာရှင်များနှင့်တွေ့ဆုံ၍ အပင်မျိုးစပ်မွေးမြူခြင်းလုပ်ငန်းတွင် မိဘမျိုးရွေးချယ်ရေး အောင်မြင်မှုအတွက် အဓိကကျသောမိဘမျိုးများ မွေးမြူထားရှိရေး၊ ဇီဝနည်းပညာဖြင့် မျိုးမွေးမြူရေး၊ မျိုးထွန်းနည်းဖြင့် မျိုးမွေးမြူရေးတို့ကို စဉ်ဆက်မပြတ် စီမံချက်စနစ်တကျချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပညာရှင်များအနေဖြင့် ဘာသာရပ်အလိုက် စဉ်ဆက်မပြတ်လေ့လာခြင်းနှင့် လိုအပ်ချက်များအပေါ် အခြေခံကာ အကောင်းဆုံးသုတေသနရလဒ်များ ရရှိအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ





ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၂၀၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) က သင်တန်းသားစံပြဆုရရှိသူ သင်တန်းသားအမှတ်-၂၅၂ ဦးအာကာပြည့်ဖြိုး အငယ်တန်းစာရေး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာနနှင့် သင်တန်းသူစံပြဆုရရှိသူ သင်တန်းသူအမှတ်-၁၁၀ ဒေါ်ဇွန်ပွင့်ဖြူ ဒု-လက်ထောက်ဦးစီးမှူး ငါးလုပ်ငန်းဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တို့ကိုလည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆုနှင့် စစ်ရေးပြထူးချွန်ဆု ရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ကာ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀၉ ဦး သင်တန်းသူ ၂၂၂ ဦး စုစုပေါင်း ၃၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ်ကြာမြင့်ခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၀-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၉-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၀-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၁၁၅ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၂၂ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ (၁၀-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာ ပျောက်ကင်းသည့်လူနာ ၈၇ ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် (၁၀-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း ၂၁၇ ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၆၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက် အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၀

အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်များ ဦးဆောင် ပါဝင်သော အာဆီယံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက တစ်နှစ်လျှင် နှစ်ကြိမ် အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိသည်။



အကြိမ်(၆၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေး (၄၅)ကြိမ် မြောက် အာဆီယံ + တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၃၂) ကြိမ်မြောက် အာဆီယံ + အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးတို့ကို ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အထိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Video Conferencing စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အဆိုပါ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်အလွန်ကာလ ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာရေးနှင့် အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများ၏ ပံ့ပိုးကူညီမှု၊ အပြန်အလှန်ပူးပေါင်းဖလှယ်မှုနှင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများတွင် ဆောင်ရွက်ခဲ့မှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း လာရောက်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လေးဆခွဲတိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည် ဝင်ရောက်မှုအများဆုံးနိုင်ငံများအနေဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လအထိ နိုင်ငံတကာခရီးသွားဧည့်သည် သုည ဒသမ ၆ သန်း ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်း တိုးတက်ရောက်ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားဧည့်သည် ဝင်ရောက်မှုအများဆုံးဖြစ်ပါကြောင်း။

အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ နှင့်ဆက်စပ်ပူးပေါင်းဆောင်ရွက်မှုမူဘောင်များအရ အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းနှင့် ပူးပေါင်းဈေးကွက်မြှင့်တင်ခြင်းများကို တိုးမြှင့်ဆောင်ရွက်စေလိုပါကြောင်း၊ ၂၀၂၅ အလွန် အာဆီယံ ခရီးသွားလုပ်ငန်း မဟာဗျူဟာရေးဆွဲရေးစီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ဦးဆောင်ရေးဆွဲဆောင်ရွက်နေခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံခရီးသွားလုပ်ငန်းတိုးတက်မှုများကို မြှင့်တင်ရာတွင် ကူညီထည့်ဝင် ပံ့ပိုးပေးခဲ့သည့် အတွေ့အကြုံကောင်းများနှင့် ကျွမ်းကျင်မှုများအတွက် ပါဝင်သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခု အစည်းအဝေးများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ခရီးသွားလုပ်ငန်းများအဖြစ် ပုံဖော်ပေးနိုင်မည့် အသွင်ကူးပြောင်းရေးဆိုင်ရာ ရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးများကို ဆက်လက်ကျင်းပရာ မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်က အကြိမ်(၆၀) မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့အစည်းအဝေးဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် (၄၅) ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးကို မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ပူးတွဲအစည်းအဝေးဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ (၃၂)ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးကို မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပူးတွဲအစည်းအဝေး ဥက္ကဋ္ဌများအဖြစ် လည်းကောင်း ဆောင်ရွက်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအစည်းအဝေးများသို့ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အာဆီယံ-တရုတ်စင်တာ၊ အာဆီယံ-ဂျပန်စင်တာနှင့် အာဆီယံ-ကိုရီးယားစင်တာတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနတွင် စောင့်ရှောက်ထားသော ရေးဦးအရွယ် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရကျွေးမွေးမှု၊ အခြေခံပညာနှင့် မူကြိုပညာရေးအတွက်ဆောင်ရွက်ပေးနေမှုစသည့် အခြေခံ လူ့အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့် အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ရှိ စာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှု



မော်လမြိုင် ဇူလိုင် ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာများရှိစာကြည့်တိုက်များကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ ဒေါက်တာလှဘေပညာပါရမီစာကြည့်တိုက်ရှိ စာအုပ်စာစောင်များထားရှိမှု၊ စာပေလေ့လာဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ စာကြည့်တိုက်အတွင်း လေဝင်လေထွက်ကောင်းမွန်မှု၊ စာဖတ်စားပွဲနှင့် ပရိဘောဂပစ္စည်းများ ပြည့်စုံလုံလောက်မှုအခြေအနေများကို ကြည့်ရှုပြီး ဒေါက်တာလှဘေပညာပါရမီစာကြည့်တိုက် ကော်မတီဝင်တစ်ဦးက စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးနှင့် စာဖတ်သည့်အလေ့အကျင့်များရရှိစေရန် စာဖတ်ချိန်အတွင်း စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ စာကြည့်တိုက်လုပ်ငန်းအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် လုပ်ငန်းကိစ္စများကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ငွေကျပ် ၁၀ သိန်းနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ လှိုင်ရပ်ကွက် သုတရောင်ခြည်စာကြည့်တိုက်နှင့် ထန်းပင်တန်းရပ်ကွက် စေတနာ့မီးအိမ်စာကြည့်တိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများအားကြည့်ရှု၍ စာအုပ်စာစောင်များပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူခဲ့သည်။

ထို့နောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သုတရတနာစာကြည့်တိုက်အား လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူလေးများ၏ စာပေစကားဝိုင်းဆွေးနွေးနေမှုအား ကြည့်ရှုအားပေးကာ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မကွေးတက္ကသိုလ်၌ သတ္တဗေဒဘာသာရပ်ဆိုင်ရာ အဏုဇီဝဗေဒဘာသာရပ် လက်တွေ့မွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိ



မကွေး ဇူလိုင် ၁၀

မကွေးတက္ကသိုလ်တွင် သတ္တဗေဒဘာသာရပ်ဆိုင်ရာ အဏုဇီဝဗေဒဘာသာရပ် လက်တွေ့မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က မကွေးတက္ကသိုလ် သိပ္ပံသုတေသနစင်တာ Seminor Room ၌ကျင်းပရာ မကွေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာခင်မောင်ဦးက အဏုဇီဝဗေဒပညာရပ်ကို စဉ်ဆက်မပြတ်တိုးတက်ပြန့်ပွားရန် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ ငြိမ်းငြိမ်းလှိုင်က သင်ကြားပို့ချမည့် သင်ခန်းစာများအား ရှင်းလင်းပြောကြားသည်။

အဆိုပါ အဏုဇီဝဗေဒဘာသာရပ် လက်တွေ့မွမ်းမံသင်တန်းတွင် မကွေးတက္ကသိုလ်ရှိ သတ္တဗေဒဌာနမှ ကထိက၊ လက်ထောက်ကထိက၊ သရုပ်ပြဆရာ ဆရာမ ၁၄ ဦး၊ တတိယနှစ်ဂုဏ်ထူးတန်းနှင့် မဟာသိပ္ပံသင်တန်း ကျောင်းသား ကျောင်းသူ ၄၄ဦး၊ ရုက္ခဗေဒဌာနမှ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ သရုပ်ပြဆရာ ဆရာမ ငါးဦး၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ တတိယနှစ်အဏုဇီဝဗေဒ ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့အား ပါမောက္ခ ဌာနမှူး ဒေါက်တာ ငြိမ်းငြိမ်းလှိုင်က ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိုးနဲမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မိုးနဲ ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်အရ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို နားခံကျေးရွာအုပ်စု နားခံအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဝင်းနေရာ၌ ယနေ့နံနက် ၇ နာရီက စိုက်ပျိုးခဲ့သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်အောင်အောင်က သစ်ပင်စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများနှင့် ဌာနမှဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးမည့်ပျိုးပင်များကို ကျောင်းအုပ်ဆရာကြီး ဦးနေဇာထွန်းနှင့် တာဝန်ရှိသူများအားပေးအပ်ခဲ့ပြီး ဌာနဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိန်ပန်းနီ၊ စိန်ပန်းပြာ၊ သဘော်တယ်၊ ခါတော်မီနှင့် မျောက်ငိုပင် ၂၀ စီ စုစုပေါင်းပျိုးပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# ရေးမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ



ရေး ဇူလိုင် ၁၀

မွန်ပြည်နယ် ရေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ယမန်နေ့နံနက်ပိုင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကောင်းဇော်မြင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမင်းတို့က လူငယ်များအနေဖြင့် စာကောင်းပေမွန်များကို လေ့လာဖတ်ရှုရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများနှင့် ကျောင်းသား ကျောင်းသူများက ပြခန်းအတွင်းပြသထားသည့် စာအုပ်စာပေများ၊ ပြိုင်ပွဲဝင်ပန်းချီကားများနှင့် ကဗျာစာမူများ၊ ကျောင်းစာကြည့်တိုက်အတွင်း စာပေဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ငါးမြို့နယ် အမျိုးသမီးအသက် ၂၀ အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

တောင်ငူ ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ငါးမြို့နယ် အမျိုးသမီး အသက် ၂၀ အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ



အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီခွဲက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က ဖွင့်ပွဲအမှာစကားပြောကြားပြီး တောင်ငူမြို့နယ်အသင်းနှင့် ဖြူးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ငူမြို့နယ်အသင်းက ၂ - ၀ ဂိုးဖြင့် ဖြူးမြို့နယ်အသင်းအား အနိုင်ရရှိသည်။

တောင်ငူမြို့၌ ခရိုင်အဆင့် အသက် ၂၀ အောက် အမျိုးသမီးဘောလုံးအားကစားပြိုင်ပွဲကို ခရိုင်အားကစားကွင်း၌ ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ ရှုံးထွက်ပွဲစဉ်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က) တွင် ရေတာရှည်အသင်း၊ အုတ်တွင်းအသင်းနှင့် ထန်းတပင်အသင်း၊ အုပ်စု (ခ)တွင် ဖြူးအသင်းနှင့် တောင်ငူအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

# ကျောင်းကျန်းမာရေးလုပ်ငန်းကွင်းဆင်းဆောင်ရွက်

အုတ်ဖို ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထက(အုတ်ဖို)၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်းက ကျောင်းကျန်းမာရေးဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်နှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေါက်တာပြည်မိုးအောင်က သွားကျန်းမာရေးနှင့် စနစ်မှန်သွားတိုက်နည်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ မျက်စိအမြင်အာရုံစစ်ဆေးပေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ လက်ဆေးနည်းသရုပ်ပြ၍ စုပေါင်းလုပ်ဆောင်ကြခြင်း၊ ဖုံး/ သွန်/ လဲ/ စစ် သရုပ်ပြခြင်း၊ စနစ်မှန်သွားတိုက်နည်း လက်တွေ့သရုပ်ပြခြင်းနှင့် စုပေါင်းသွားတိုက်ကြခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဉ နှင့် ကျွဲ

စကားပြောရာတွင်ဖြစ်စေ၊ စာရေးရာတွင် ဖြစ်စေ သူတစ်ပါး ဒက်ခနဲ သိရှိထိမိအောင် ပြောတတ်ရေးတတ်ဖို့ လိုအပ်ပါသည်။ ထိုအခါမျိုးတွင် စကားပုံနှင့် ဆိုရိုးစကားသည် များစွာ အထောက်အကူဖြစ်စေပါသည်။ စကားပုံတွင် ဆင်ခြင်မှတ်သားဖွယ်ပါသည်။ ပုံခိုင်းသည့်သဘော၊ တင်စားသည့်သဘောပါသည်။ ဖွဲ့စည်းပုံလည်း ကျစ်လျစ်ပြေပြစ်သည်။ ဆိုရိုးစကားတွင်မူ ဖွဲ့စည်းပုံကျစ်လျစ်ပြေပြစ်၍ ဆင်ခြင်မှတ်သားဖွယ်ပါသော်လည်း ပုံခိုင်းသည့်သဘော၊ တင်စားသည့်သဘောမပါဘဲ အဓိပ္ပာယ်ကို တိုက်ရိုက်အဖြောင့်ကောက်ယူရသည်။ စကားပုံနှင့် ဆိုရိုးစကားမတူပါ။

မြန်မာစကားပုံများတွင် မြန်မာတို့ မကြာခဏ ပြောနေရေးနေကြသော စကားပုံတစ်ခုမှာ 'အများညီ ဉကို ကျွဲဖတ်' ဟူသောစကားပုံ ဖြစ်သည်။ 'အများညီ ဉ ကျွဲဖတ်' ဟုလည်း ပြောကြ ရေးကြသည်။ ယင်းစကားပုံ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ အများသဘောတူညီလျှင် 'ဉ' ဟူသော စာလုံးကို 'ကျွဲ' ဟု ဖတ်ရမည်ဟူ၍ ဖြစ်သည်။ ဉတွင် 'ဉ' ဆိုသည်မှာ အက္ခရာ 'ဉ' ဖြစ်၍ 'ကျွဲ' ဆိုသည်မှာ သတ္တဝါ 'ကျွဲ' ဖြစ်သည်။ အက္ခရာ 'ဉ' နှင့် သတ္တဝါ 'ကျွဲ' သည် မည်သို့မျှ ဆက်စပ်မှုမရှိပါဘဲလျက် အက္ခရာ 'ဉ' ကို အဘယ်ကြောင့် 'ကျွဲ' ဟု ဖတ်ကြပါသနည်း။ ဖတ်ရပါသနည်း။ အက္ခရာ 'ဉသည် အက္ခရာ၊ ကျွဲ' သည် သတ္တဝါ။ သီးခြားမဟုတ်ပါလော။ မည်သို့ ဆက်စပ်လေသနည်း။ အကြောင်းမဲ့ပေါ်လာသော စကားမဖြစ်တန်ရာ။ စဉ်းစားဖွယ်ဖြစ်သည်။

ယင်းစကားပုံ၏ ဆိုလိုသည့်အဓိပ္ပာယ်မှာ ဉသို့ဖြစ်သည်။ လူအများက သဘောတူညီကြလျှင် 'ဉ' ဟူသော အက္ခရာကိုပင် 'ကျွဲ' ဟူ၍ ဖတ်ကြမှတ်ကြသကဲ့သို့ လူအများသဘောတူလျှင် အမှန်မဟုတ်သည့်အရာတစ်ခုကိုပင် အမှန်ဟုသတ်မှတ်နိုင်သည်ဟု ဆိုလိုသည်။ အမှန်အမှားသည် အဓိကမဟုတ်။ သဘောတူညီသည် မတူညီသည်သာ အဓိကဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူအများက သဘောတူညီသတ်မှတ်လျှင်၊ လူအများက သမုတ်လျှင် အမှားသည်ပင် အမှန်ဖြစ်သွားနိုင်သည်ဟု ဆိုလိုသည်။ 'ရွာသမုတ်လျှင် သစ်ငုတ်သော်မှ ကျားဖြစ်ရ' ဟူသော စကားပုံနှင့်တူသည်ဟုလည်း ဆိုနိုင်ပေသည်။

'အများညီ ဉကို ကျွဲဖတ်' ဟူသော စကားပုံသည် လူအများလိုက်နာရန် ညွှန်းဆိုသော စကားပုံလော၊ မလိုက်နာရန် ညွှန်းဆိုသော စကားပုံလောဟု အသေအချာစဉ်းစားဆုံးဖြတ်ရန် လိုလာပါသည်။ လူအများသဘောတူ၍ 'ဉ' ကို 'ကျွဲ' ဖတ်လျှင် ကိုယ်လည်း 'ကျွဲ' ဟုပင် လိုက်ဖတ်လိုက်ပါဟု ဆိုလိုသလော။ အများညီ၍ 'ဉ' ကို 'ကျွဲ' ဖတ်နေသော အခါဖြစ်သော်လည်း ကိုယ်တိုင်ဆင်ခြင်ပါ။ 'အများမိုးခါးရေသောက်တိုင်း ကိုယ်မသောက်မိပါစေနှင့်' ဟု ညွှန်းဆိုလိုသလော။

မည်သို့ပင်ဖြစ်စေ ဉစကားပုံဖြစ်ပေါ်လာရသည့် အကြောင်းမှာမူ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ 'ဉ' သည် အက္ခရာ 'ဉ'၊ 'ကျွဲ' သည် သတ္တဝါ 'ကျွဲ' ဖြစ်သဖြင့် 'ဉ' ကို 'ကျွဲ' ဟု ဖတ်ရန် အကြောင်းမရှိသော်လည်း ဖတ်ရန် အကြောင်းဖန်လာသည်ကိုလည်း မှတ်သားရန်ရှိပေသည်။

အကြောင်းမှာ ဉသို့ဖြစ်သည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကျောက်စာများတွင် 'ဉ' ဟူသော အရေးသည် ယခုခေတ် 'ကျွဲ' ဟူသော အရေးနှင့် အတော်တူနေပေသည်။ ယင်းကျောက်စာများတွင် 'ဉ' ကို အောက်ပါပုံအတိုင်း တွေ့ရတတ်ပါသည်။

(  ) ပုံ ၁၉၁ က၊ ရှင်ပင်ဗောဓိ၊ ပြတိုက် ၆၇။

(  ) ပုံ ၅၈၂၊ ရွာသစ်ကြီး၊ ပုဂံအုတ်ကျောင်း။

(  ) ပုံ ၅၃၊ ပုထိုးတော်ကြီး ၃၃။

(  ) ပုံ ၂၈ က၊ မြင်စည်ရွှေပြည့်ရှင်၊ ပုထိုးတော်ကြီး ၂၄ တောင်။

ဉသို့လျှင် အက္ခရာ 'ဉ' စာလုံးပုံသဏ္ဌာန်နှင့် 'သတ္တဝါ' 'ကျွဲ' စာလုံးပုံသဏ္ဌာန် ဆင်တူယိုးမှားဖြစ်ခြင်းသည် 'ဉ' ကို 'ကျွဲ' ဖတ်ရခြင်း၏ ပထမအကြောင်းဖြစ်သည်။

ဒုတိယအကြောင်းမှာ လက်ရေးမကျွမ်းကျင်၍သော်လည်းကောင်း၊ အသေ့ရေး၍သော်လည်းကောင်း၊ အက္ခရာ 'ဉ' နှင့် သတ္တဝါ 'ကျွဲ' တို့ စာလုံးပုံသဏ္ဌာန် တူသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဉကို ကျွဲဟု ဖတ်နိုင်ခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ 'အများညီ ဉကို ကျွဲဖတ်' ဟူသော စကားပုံကား ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။ လူအများလည်း နှုတ်တက်ရနေကြပြီး တွင်တွင်ကျယ်ကျယ် ပြောဆိုရေးသားနေကြပြီ။ စကားပုံ၏ လမ်းညွှန်ချက်ကို အသေအချာ ဆန်းစစ်ပြီး ဆောင်ရမည်လော၊ ရှောင်ရမည်လော၊ တွေးတောထောက်ဆ လိုက်နာကြစေလိုပါသည်။ အများက တညီတညွတ်တည်းမှားလျှင် လိုက်၍မှားသင့်သလော။ များသည်နည်းသည်က အဓိကမဟုတ် အမှန်တရားသာ အဓိကဖြစ်သင့်သည်မဟုတ်လော။ ကာလ၊ ဒေသ၊ ပယောဂနှင့် ချိန်ဆ၍ ရွက်ဆောင်နိုင်ကြပါစေသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၁၀

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံ သင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆု ရရှိသောအသင်းတို့အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ် ပြိုင်ပွဲပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း စက်ပစ်ကွင်း၌ ကျင်းပရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ကြသည်။

ထို့နောက်ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ပစ်ခတ်စဉ်များတွင် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆု ရရှိသည့်အသင်းတို့အား တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၅ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ သစ်ပင်၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

နမ့်စန် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် သစ်တောဦးစီးဌာနမှ ဆောင်ရွက်သော သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၃) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဆောင်ရွက်သည်။

ဦးစွာ လွိုင်လင်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မျိုးက သစ်တောများနှင့်ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် သစ်တောသစ်ပင်များ၏ ကောင်းကျိုးများအကြောင်းကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ နမ့်စန်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မျိုးက ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲများအကြောင်း၊ သစ်တောနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်တောမှ ပေးစွမ်းနိုင်သောအကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောပြီး ဗီဒီယိုမှတ်တမ်းများကို ပြသသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ၂၀၀ ခန့်နှင့်အတူ ကံ့ကော်၊စိန်ပန်းနီ၊ကျွန်း၊ပျဉ်းကတိုး၊ သပြေ၊ဘူတနှင့် ခရေပင် စုစုပေါင်း ၁၅၈ ပင်ကို ကျောင်းဝင်းအတွင်း စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



# တွံတေးမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူမည့်ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ရှင်းလင်း

တွံတေး ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များအား ချပြရှင်းလင်းခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထူးက သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စု မေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများ၊စာရင်းစစ်နှင့်စာရင်းကောက်များအတည်ပြုသတ်မှတ်ခန့်ထားနိုင်ရေး စသည့်အကြောင်းအရာများကို ချပြရှင်းလင်းရာ တက်ရောက်လာသူများက သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေးလုပ်ငန်းများ ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှု



ပြည် ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေးလုပ်ငန်းများ ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု၌ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ မိုးနှမ်းစံပြစိုက်ခင်းအား သွားရောက်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် နတ္တလင်းကျေးရွာအုပ်စု၌ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်လျက်ရှိသော လက်ဆွဲကောက်စိုက်စက်များဖြင့် မိုးစပါးသရုပ်ပြစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးမည့် လယ်မြေများအတွက် တမန်းပြုပြင်ခြင်း၊ ပျိုးထောင်ခြင်းနှင့် လက်ဆွဲကောက်စိုက်စက် မောင်းနှင်အသုံးပြုခြင်း အဆင့်အလိုက် အသိပညာပေးပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သဲကုန်းမြို့နယ် ချားလျားကုန်းကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း ကျေးလက်လမ်းများ၏ လမ်းဘေးဝဲယာ၌ အရိပ်ရသီးပင်စားပင် စိုက်ပျိုးထားရှိမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာပြည်သူလူထုပါဝင်သည့် လမ်းကော်မတီဖွဲ့စည်း၍ လမ်းရေရှည်အသုံးပြုနိုင်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးထားသည့်အပင်များ ရှင်သန်ကြီးထွားနိုင်ရေး ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်းတည်မြို့နယ်ရှိ မျိုးသန့်ခြံနှင့် လက်ပံတန်းမြို့နယ် ငွေးတောက်ကွင်းကျေးရွာအုပ်စုတို့၌ လက်ဆွဲကောက်စိုက်စက်များဖြင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြောင်းမြခရိုင်၌ ရွှေခရုကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

မြောင်းမြ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြောင်းမြခရိုင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ ပူးပေါင်းလျက် မိုးစပါးသီးနှံများ၌ ရွှေခရုကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများအား တောင်သူများနှင့်တွေ့ဆုံကာ ဆွေးနွေးခြင်း၊ ပညာပေးခြင်း၊ ရွှေခရု စုပေါင်းကောက်ယူခြင်းကို ဇူလိုင် ၈ ရက်က ဆောင်ရွက်ခဲ့သည်။

ယခုနှစ် ရာသီဥတုအခြေအနေအရ မိုးများခြင်း၊ ရေလျှံခြင်းများကြောင့် ရွှေခရုပေါက်ပွားလှုပ်ရှားမှုမှာ ယခင်နှစ်ထက် ပိုမိုများပြားကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မစိုက်ပျိုးမီနှင့် စိုက်ပျိုးပြီးနောက် ဆောင်ရွက်ရမည့် ရွှေခရုကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို တောင်သူများ အချိန်မီ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် မေ ၁ ရက်မှစတင်ကာ လိုက်လံနှိုးဆော်ခြင်း၊ ပညာပေးခြင်းများကို ယခုအချိန်ထိ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရွှေခရု ဧက ၃၆၃ ကျရောက်မှုအား ကာကွယ်နှိမ်နင်းလျက်ရှိပြီး ထိခိုက်ပျက်စီးမှုမရှိသေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲများ ဆောင်ရွက်



တပ်ကုန်း ဇူလိုင် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် စက်မှုလယ်ယာ ဦးစီးဌာန တပ်ကုန်းမြို့နယ် အမှတ်(၆၈) စက်မှုလယ်ယာစခန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်အတွင်း ကြခင်းစနစ် ပပျောက်ရေးအတွက် အခြောက်ထယ်ရေး မျိုးစေ့ချစက်ကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်ကုန်းမြို့နယ် အတွင်း အခြောက်ထယ်ရေး မျိုးစေ့ချစက်ကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို တောင်သူများ ကျယ်ပြန့်စွာ သိရှိစေရေးအတွက် ကွင်းသရုပ်ပြပွဲများကို ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာ ကွင်းအမှတ် ၁၃၁၀ တွင် ဇွန်လနောက်ဆုံးပတ်က ကွင်းသရုပ်ပြပွဲတစ်ကြိမ်၊ ဇူလိုင်လ ပထမပတ်က ကွင်းသရုပ်ပြပွဲတစ်ကြိမ် စိုက်ပျိုးခဲ့ကြောင်း၊ အခြောက်ထယ်ရေး မျိုးစေ့ချစက်ကိရိယာဖြင့် စပါးစိုက်ပျိုးရာတွင် တန်းကြားအကွာအဝေး ရှစ်လက်မနှင့် မျိုးစေ့ကုန်ကျမှုအနေဖြင့် တစ်တင်းမှ နှစ်တင်းနှုန်း တောင်သူများ စိတ်တိုင်းကျ ချိန်ညှိနိုင်ခြင်း၊ စိုက်စမ်းကြောင်းအနက်မှာ အစိုဓာတ်ရရှိသည်အထိ အတိမ်အနက်များကို လိုအပ်သလိုချိန်တွယ်စိုက်ပျိုးနိုင်သဖြင့် စပါးစိုက်တောင်သူများ ကြိုက်နှစ်သက်လျက်ရှိကြောင်း သိရပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် အခြောက်ထယ်ရေး မျိုးစေ့ချစက် ကိရိယာ ၁၀ လုံးဖြင့် နေပြည်တော်ရှစ်မြို့နယ်အတွင်း ဧက ၁၀၀၀ ခန့် စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ဓနုဖြူမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ



ဓနုဖြူ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၃) စက်မှုလယ်ယာစခန်းမှ ဇူလိုင် ၉ ရက် နံနက်ပိုင်းက တမြာကျေးရွာရှိ တောင်သူဦးဌေးဝင်း၏ လယ်မြေ၌ ကျင်းပခဲ့သည်။

### သရုပ်ပြစိုက်ပျိုးခဲ့

အဆိုပါသရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းက ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆင်းသုခမျိုး စမ်းသပ်ကေသုံးကေအား သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

❋ ကျောဖုံးမှ

ပြိုင်ပွဲအပြီးတွင် ရှမ်းအသင်းက ၅၆ မှတ်ဖြင့် ချန်ပီယံ၊ ရခိုင်ယူနိုက်တက်အသင်းက ၅၄ မှတ်ဖြင့် ဒုတိယ၊ နေပြည်တော်ယူနိုက်တက်အသင်းက တတိယဆုရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို ၂၁ ဂိုးစီဖြင့် ပူးတွဲရရှိခဲ့သော ကြယ်ရောင်မင်းလေး (ရှမ်း)နှင့် ထူးဝဏ္ဏ (ရခိုင်ယူနိုက်တက်)တို့ကို ဆုတံဆိပ်နှင့် ကျပ်ငါးသိန်းစီ၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသော ခွန်ဆောင်ဉာဏ်(ရှမ်း)ကို ဆုတံဆိပ်နှင့်ကျပ်ငါးသိန်း၊ တတိယဆုရရှိသော နေပြည်တော်ယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၂၀၊ ဒုတိယဆုရရှိသည့် ရခိုင်ယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၃၀၊ ပထမဆုရရှိသည့် ရှမ်းအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေး ကျပ်သိန်း ၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# လေးမျက်နှာမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေဖုံးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

လေးမျက်နှာ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စု စာရေးကွင်းကျေးရွာရှိ တောင်သူဦးမြင့်ဇော်ဦး၏ လယ်မြေ၌ ဇူလိုင် ၇ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးမြေဖုံးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့သည်။

### ကြည့်ရှုအားပေးခဲ့

ဦးစွာ ဟသ်ာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစောဝင်းရွှေတို့က ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားကြပြီး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းနှင့်



သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြေဖုံးခြင်းအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၉ ဘီလီယံရှိ



**ဖနောင်ပင် ဇူလိုင် ၁၀**

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၉ ဘီလီယံ ရရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ဒေါ်လာ ၂၃ ဒသမ ၁၅ ဘီလီယံ (၁၂ ဒသမ ၇ ရာခိုင်နှုန်း) တိုးတက်ခဲ့ကြောင်း ယနေ့ထုတ်ပြန်သော တရားဝင်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်းပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၉ ဘီလီယံရှိပြီး ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကာ စုစုပေါင်းသွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ ဘီလီယံရှိပြီး ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်နှင့် ကုန်စည်ဒိုင် အထွေထွေ ဦးစီးဌာန၏ အစီရင်ခံစာအရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံသည် တရုတ်၊ အမေရိကန်၊ ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အဓိကပို့ကုန်များမှာ အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွား ကုန်ပစ္စည်းများ၊ စက်ဘီးများ၊ ရော်ဘာခြောက်၊ ဆန်စပါး၊ ငှက်ပျောသီး၊ သီဟိုဠ်စေ့၊ သရက်သီး၊ ရေနံ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အလှကုန်များ စသည်တို့ဖြစ်သည်။

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (CCFTA) တို့သည် ကုန်သွယ်မှုတိုးတက်မှုကို အဓိကမြှင့်တင်ပေးကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည်အရေအတွက် ၈ ဒသမ ၂၄ သန်းရှိ

**စင်ကာပူ ဇူလိုင် ၁၀**

စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် အရေအတွက်သည် ယခုနှစ်ပထမနှစ်ဝက်တွင် ၈ ဒသမ ၂၄ သန်းရှိ



ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (STB) မှ ထုတ်ပြန်သော နောက်ဆုံးစာရင်းဇယားများအရ သိရသည်။

တရုတ်နိုင်ငံသည် ဇန်နဝါရီလမှ ဇွန်လအထိ စင်ကာပူနိုင်ငံ၏အကြီးမားဆုံးခရီးသွားရင်းမြစ်ဖြစ်ပြီး တရုတ်နိုင်ငံမှ လာရောက်သည့် ခရီးသွားအရေအတွက် ၁ ဒသမ ၄၅ သန်းရှိကြောင်း သိရသည်။ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံတို့မှ ခရီးသွားများလည်း အသီးသီးလာရောက်ခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်သူအရေအတွက်သည် ဇွန်လအတွင်း ၁ ဒသမ ၂၅ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ယခုနှစ်အတွင်း နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု ၁၅ သန်းမှ ၁၆ သန်းအထိရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ အပျော်စီးသင်္ဘောကြီးများပေါ်တွင် တိုကျိုဒစ်စနေးကုမ္ပဏီက ဝန်ဆောင်မှုပေးမည်

**တိုကျို ဇူလိုင် ၁၀**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုကျိုဒစ်စနေးအပန်းဖြေဥယျာဉ်သည် အပျော်စီးသင်္ဘောကြီးများပေါ်တွင် ဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

သင်္ဘောများတွင် ဝန်ဆောင်မှုပေးမည့် အစီအစဉ်ကို ဝေါ့ဒ်ဒစ်စနေးလုပ်ငန်းနှင့် မိခင်ကုမ္ပဏီ အိုရီယန်တယ်လ်လန်းဒ်တို့အကြား သဘောတူညီချက်ရရှိခဲ့သည်။

၂၀၂၈ ခုနှစ်တွင် စတင်ဆောင်ရွက်မည့် ယင်းဝန်ဆောင်မှုအစီအစဉ်အတွက် တိုကျိုဒစ်စနေးအပန်းဖြေဥယျာဉ်လုပ်ငန်းက ယန်း ၃၃၀ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဝန်ဆောင်မှုပေးမည့် အပန်းဖြေညသင်္ဘောနှစ်စင်းမှ လေးစင်းအထိ တိုကျိုဒေသဆိပ်ကမ်းမှ ထွက်ခွာ၍ ခရီးသည်များအား ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

အဆိုပါအပန်းဖြေ သင်္ဘောများပေါ်တွင် ဝန်ထမ်းများက ဒစ်စနေးကာတွန်းဇာတ်လမ်းများမှ ဇာတ်ဆောင်များကဲ့သို့ဝတ်ဆင်၍ ခရီးသည်များအား ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ အိုရီယန်တယ်လ်လန်းဒ်ကုမ္ပဏီသည် ဂျပန်နိုင်ငံအတွင်း ပြည်ပခရီးသွားများ လာရောက်မှုများပြားစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ရှိ စက်ရုံတစ်ရုံ၌ ဓာတုပစ္စည်းများပေါက်ကွဲရာမှ မီးလောင်

**ဆစ်ဒနီ ဇူလိုင် ၁၀**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့အနောက်ဘက်ရှိ စက်ရုံတစ်ရုံ၌ ယနေ့တွင် ဓာတုပစ္စည်းများ ပေါက်ကွဲရာမှ မီးလောင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယင်း မီးလောင်ကျွမ်းမှုအား အချိန်မီ ငြိမ်းသတ်နိုင်ခဲ့သော်လည်း စက်ရုံအနီးရှိ ချောင်းသို့ ဓာတုပစ္စည်းများ ဖိတ်စဉ်ခဲ့သည်။



မဲလ်ဘုန်းမြို့၏ ဆင်ခြေဖုံးအရပ်ဖြစ်သည့် ဒယ်ယီမက်ရှိ စက်ရုံတွင် မီးလောင်မှုဖြစ်ပွားရာ အရေးပေါ် လုပ်ငန်းဆိုင်ရာအဖွဲ့က မီးငြိမ်းသတ်ရေးနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ အခင်းဖြစ်ဒေသနှင့် အနီးအနားရှိဒေသများမှ ဒေသခံများအား အဆိပ်သင့်မီးခိုးများ ပျံ့နှံ့လာနိုင်သဖြင့် မိမိတို့နေအိမ်အတွင်း နေထိုင်ကြရေးအတွက် တာဝန်ရှိသူများက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားသည့် ဒေသတွင် ကုန်လှောင်ရုံအများအပြား တည်ရှိသည်။ မီးလောင်မှုဖြစ်ပွားသည့် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်မှစတင်၍ မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၃၂ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့တာဝန်ရှိသူ မီချယ်ကော်လင်က ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ယင်းစက်ရုံတွင် လောင်စာဆီနှင့် စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းများကို သိုလှောင်ထားရှိသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ညွှန်ကြား

**ဂျေရုဆလင် ဇူလိုင် ၁၀**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်မတော်က ပြင်းထန်စွာ ထိုးစစ်ဆင်နေချိန်တွင် ဒေသခံပြည်သူများကို ဂါဇာမြို့တော်မှ ပြောင်းရွှေ့ရန်ရေးသားထားသည့် လက်ကမ်းစာစောင်ထောင်ပေါင်းများစွာကို လေယာဉ်ပေါ်မှ ကြဲချခဲ့ကြောင်း အစ္စရေးတပ်မတော်က ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

ဒီရာအယ်ဘာလာနှင့် အယ်ဇာဝိုင်ဒါဒေသများ၌ ဘေးကင်းသောဇုန်များသတ်မှတ်ထားသည့်အတွက် အဆိုပါဒေသများသို့ အမြန်ဆုံးပြောင်းရွှေ့ရန် လက်ကမ်းစာစောင်များတွင် ရေးသားထားကြောင်း သိရသည်။

ထို့ပြင် ဂါဇာဒေသသည် အန္တရာယ်ရှိသောတိုက်ပွဲဇုန်အဖြစ် ဆက်လက်တည်ရှိနေမည်ဟုလည်း လက်ကမ်းစာစောင်တွင် ဖော်ပြထားသည်။

ဂါဇာမြို့တော်အတွင်း ထိုးစစ်ကို အရှိန်မြှင့်မီ ပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုများ လုပ်ဆောင်သင့်ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဂါဇာကမ်းမြောင်ရှိ ဟားမတ်စ်နှင့် လက်နက်ကိုင် စစ်သွေးကြွများကို အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က ဆိုသည်။ ဂါဇာအခြေစိုက်ကျန်းမာရေးအာဏာပိုင်များ၏အဆိုအရ ပါလက်စတိုင်း အနည်းဆုံး ၂၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို သိမ်းဆည်းရမိ

နေပြည်တော်  ဇူလိုင်  ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် ညနေ ၆ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် မိုင်းပျဉ်း-ကျိုင်းတုံသွားကားလမ်း ကျိုင်းဖောင်းရွာအနီးတွင် မိုင်းပျဉ်းဘက်မှ ကျိုင်းတုံဘက်သို့ စိုင်းလင်းဦး မောင်းနှင်လာသည့် NISSAN ၁၂ ဘီးယာဉ်ကို သတင်းအရစစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၈၂၄ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိအိုက်စ်(မက်သ်အဖက်တမင်း)များကို မိုင်းပျဉ်းမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ ယာဉ်တစ်စီးနှင့် Hijet ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ် (၂၁)မိုင် ပူးပေါင်း စစ်ဆေးရေးဂိတ်၌ မြစ်ကြီးနားမြို့မှ နမ္မတီးမြို့သို့ သွားရောက်မည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nitric Acid ၆၀၀၀၀ ကီလိုဂရမ်၊ Sulphuric Acid ၃၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် CAMC Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀၀)ကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေအရ လည်းကောင်း၊ မိုးကောင်းမြို့နယ်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၅၅ ဂါလန်၊ ဒီဇယ်ဆီ ခုနစ်ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၁၆၂၀၀၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဇူလိုင် ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိုင်ကြီးငူ-ရွှေဂွန်း-ဘားအံကားလမ်း၊ ထီဖိုးကလုံကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ၁၃၉၆ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၁၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၁၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ်ကားအပိုပစ္စည်း Car Front Windscreen နှစ်ခု အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် တိုက်ကြီး - ဖောင်ကြီးလမ်း၊ လေးတိုင်စင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၄၈၄၀၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကမာရွတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော်  ဇူလိုင်  ၁၀

ကမာရွတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ကမာရွတ်မြို့နယ် (၄) ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် (၆)လမ်းထောင့်ရှိ လင်းထက်ကိုကို(ခ)ကိုကို၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ရေချိုးခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် လင်းထက်ကိုကို(ခ)ကိုကို(၂၆)နှစ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၇-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓမ္မသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** စာပေဒေသာ.....ဝေဆာစေမည်
- **၀၉:၁၅** NRC အစီအစဉ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၄၀** NEXT LEVEL
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၆)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၃)
- **၁၇:၁၀** Soccer View
- **၁၇:၂၅** လူမှုစီးပွားသတင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၁၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၇)
- **၂၂:၁၅** မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁)

**mitv**

- **07:01** Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
- **07:10** Shwezigon Pagoda
- **07:38** Three Beautiful Islands
- **08:01** News
- **08:26** Topics Potpourri; Predicting Life Events Using AI
- **08:31** Ramayana Classic Talk & Discussion (Episode-3)
- **08:50** Listening Pleasure, Instrumental Music (Banjo) Selection
- **09:01** The Coloured Glass Ball (Ywal) Juggling Master
- **09:25** World Population Day (11th July)
- **09:33** Xylophones' Home
- **09:54** K- Pop Live Show (Buy or not buy)
- **10:01** News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များစိတ်အပြောင်းအလဲမြန်ရခြင်းအကြောင်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
စနီးပူတင်း

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ငါးချဉ်ဟင်းရည်နှင့်ရိုးရာအထောင်း

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သွားပိုးစားခြင်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ပျော်ပျော်ပါးပါးမျှစ်ချိုးသွားရအောင်

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် အပိမြန်မာပြည်(အပိုင်း-၉)

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ချင်း(ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
နိုင်ငံ့စီးပွားအကျိုးပြုမွန်ပြည်နယ်ကော်ဘာထုတ်လုပ်မှု

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ထူးဆန်းဖွေရှာရခိုင့်ဓလေ့ရှေးရိုးရာ(ငစွေအက)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၈:၄၅** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၉:၁၅** အဆိပ်ရှိညစာ The Ting Series (Episode-1)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု'
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
- **၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၀)

**MRTV FARMERS HTV**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၅** 'ဝုဏ်ယူဝင့်ကြွားတို့လယ်သမား' အောင်မြင်ထူးခြား Green Tea တောင်သူရဲ့စွမ်းအား
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၇:၁၅** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၁၈:၀၀** သူးခက်တွေပွဲနေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)
- **၂၂:၀၀** Thirteen Lives 2022

**MRTV SPORTS HTV**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၅** Sports Max
- **၀၇:၄၀** Weekly Soccer Preview
- **၁၆:၁၀** အားကစားလောကထဲကသူတို့အကြောင်း
- **၁၇:၀၀** အားကစားသတင်း
- **၁၈:၀၀** E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော် မကွေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**မကွေး ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်မိမိမော်သည် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစိုး၊ ခရိုင်တရားသူကြီး၊ တိုင်းဒေသကြီး တရားလွှတ်တော်ရုံးအဖွဲ့မှူး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက မကွေးဗဟို အကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့သည်။



**စစ်ဆေးကြည့်ရှု**

ထိုသို့စစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က အကျဉ်းသား အကျဉ်းသူများအား ဥပဒေပါ အခွင့်အရေးများ ရရှိမှု ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားညှဉ်းပန်းနှိပ်စက်မှုများ ရှိ၊ မရှိ၊ သောက်သုံးရေ သန့်ရှင်းစင်ကြယ်မှု ရှိ၊ မရှိ၊ အစားအသောက် အာဟာရသင့်တင့်မျှတကောင်းမွန်စွာ ကျွေးမွေးမှု ရှိ၊ မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ သန့်ရှင်းမှု ရှိ၊မရှိ၊ အဆောင်များ သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိ၊ မရှိ၊ အမျိုးသမီး အကျဉ်းသူ အချုပ်သားများအား အကာအရံ လုံခြုံစွာဖြင့် အမျိုးသမီးအဖော်များဖြင့် စောင့်ရှောက်မှု ရှိ၊ မရှိ၊ စစ်ဆေးဆဲအမှုများမှ ကြန့်ကြာသည့် အချုပ်တရားခံများ ရှိ၊ မရှိ၊ လူ့အခွင့်အရေးများ ချိုးဖောက်မှု ရှိ၊ မရှိနှင့် ကျန်းမာရေး စောင့်ရှောက်ထားရှိမှုတို့ကို စစ်ဆေးကြည့်ရှုခဲ့ကာ အကျဉ်းသား အကျဉ်းသူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဗဟိုအကျဉ်းထောင်အတွင်း၌ အပြစ်ကျအကျဉ်းသား ကျား ၁၉၁၅ ဦး၊ မ ၂၆၈ ဦး စုစုပေါင်း ၂၁၈၃ ဦးရှိပြီး တရားရုံးစစ်ဆေးဆဲ အချုပ်သား ကျား ၇၅ ဦး၊ မ ၁၇ ဦး စုစုပေါင်း ၉၂ ဦး ရှိကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

**မိမိပိုင် နိုင်ငံသား စိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဟသ်ာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ဟသ်ာတ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးဝင်းမြိုင်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ဟသ်ာတခရိုင် တရားသူကြီး ဒေါ်အေးအေးခိုင်တို့နှင့်အတူ ဇူလိုင် ၈ ရက်နံနက်ပိုင်းက ဟသ်ာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့ဝင်များသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ၊ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရ၊ မရ အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “U Soe Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အတွင်းပဒုံကျေးရွာနေ မြတ်စိုးထွန်းအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “U Nay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၇) ရပ်ကွက်နေ ဟိန်းဇော်ညီညီထွေး(ခ)ဟိန်းဇော်အား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းများအား ငါးနှစ်တာဝန်ထမ်းဆောင်ရန် အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူ့စစ်မှုထမ်း သင်တန်းပြီးစီးခဲ့သည့် သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများ အနေဖြင့် သင်တန်းခေါ်ယူစဉ်က နှစ်နှစ်တာဝန်ထမ်းဆောင်ရမည်ဟု ခေါ်ယူထားသော်လည်း လက်တွေ့တွင် ငါးနှစ်တာဝန်ထမ်းဆောင်ရန် အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းကြောင်း ပြည်သူအများ စိုးရိမ်စေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်မီဒီယာများ၊ လူမှုကွန်ရက်များနှင့် Mobile ဖုန်းများသို့ SMS (စာတိုပေးပို့ခြင်း) ဝန်ဆောင်မှုများဖြင့် အများပြည်သူထံသို့ ပေးပို့အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီသာ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် လူငယ်၊ လူရွယ်များ လမ်းမှားရောက်စေရန်အတွက် အချိန်ကိုက်သွေးထိုးလှုံ့ဆော်ဝါဒဖြန့် ထုတ်လွှင့်လျက်ရှိပြီး လုပ်ကြံဖန်တီးထားသည့်သတင်းများ၊ ကောလာဟလသတင်းများကို အချိန်ကိုက်ဝါဒဖြန့်ချိလျက်ရှိရာ အခြေအမြစ်မရှိသည့် သတင်းအမှားများကြောင့် စိုးရိမ်ပူပန်မှု၊ အသိအမြင်လွဲမှားမှုများမဖြစ်ပေါ်စေရန် မိဘပြည်သူများအနေဖြင့် စစ်မှုထမ်းဆိုင်ရာသတင်းများသိရှိနိုင်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https://mod.gov.mm/node/74 တို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိပြီး သိရှိလိုသည်များ၊ မရှင်းလင်းသည့်အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်များအဆင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များသို့ ရုံးချိန်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သိရသည်။




**သတင်းစဉ်**

# ဆေးတက္ကသိုလ်(တောင်ကြီး)၌ လူငယ်စကားဝိုင်းကျင်းပ

တောင်ကြီး ဇူလိုင် ၁၀

လူငယ်များအတွက် လိုအပ်နေသော အသိအမြင်ကြွယ်ဝစေရန်အတွက် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆေးတက္ကသိုလ်(တောင်ကြီး)တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ဆေးတက္ကသိုလ် (တောင်ကြီး) ဘက်စုံခန်းမ၌ ကျင်းပသည်။

**ပြောကြား**

လူငယ်စကားဝိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယနေ့ကျင်းပသည့် လူငယ်စကားဝိုင်းများသည် ဗလငါးတန်ထဲတွင် ဉာဏဗလဟုခေါ်သည့် ဉာဏ်ပညာဖွံ့ဖြိုးစေရန်၊ စာရိတ္တဗလဟုခေါ်သည့် ကိုယ်ကျင့်သိက္ခာကောင်းမွန်စေရန်၊ မိတ္တဗလဟုခေါ်သည့် မိတ်ဆွေအပေါင်းအသင်းကောင်းများ တိုးလာစေရန်စသည့် ရည်ရွယ်ချက်ကောင်းများ ပြည့်စုံနေမှုကို တွေ့ရကြောင်း၊ ယနေ့လူငယ်များအနေဖြင့် မိမိတို့၏မျှော်မှန်းချက်၊ မိမိတို့၏အနာဂတ်အတွက် လူငယ်စကားဝိုင်းမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသိရှိအောင်တင်ပြဆွေးနွေးပြောဆိုခြင်းဖြင့် နောင်ကာလတွင် လူငယ်များအတွက် ကောင်းမွန်သည့်အနာဂတ်ကို မလွဲမသွေပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်က လူငယ်စကားဝိုင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူငယ်နှင့်လူကုန်ကူးမှု တိုက်ဖျက်ရေးခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဆေးတက္ကသိုလ်(တောင်ကြီး)အတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်များကို စကားဝိုင်းတွင် ဧည့်စပ်ညှိနှိုင်းပေးသူများအား ပေးအပ်ရာ ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦးတို့က လက်ခံရယူပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ရှမ်းပြည်နယ်အမျိုးသမီးကော်မတီ နာယကနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးပေးကြသော ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်က တိုင်းရင်းသားအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




# ဟိုပုံးမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကြက်ဥ၊ နွားနို့နှင့် စားသောက်ကုန်ပစ္စည်းများ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေး

ဟိုပုံး ဇူလိုင် ၁၀

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ နွားနို့များနှင့် စားသောက်ကုန် ပစ္စည်းများ ဖြန့်ဖြူး ရောင်းချပေးခြင်းကို ယနေ့နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့၌ ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချပေးရာတွင် ဟိုပုံးတပ်နယ် ကွပ်ကဲမှုအောက်ရှိ ကျောင်း၊ တပ်ရင်း/တပ်ဖွဲ့များမှ တာဝန်ရှိသူများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ကြက်ဥ၊ နွားနို့၊ ဒိန်ချဉ်၊ ဝက်သား၊ စားသောက်ကုန် ပစ္စည်းများ၊ စက်ရုံထုတ်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

■

# ရေကြည်မြို့နယ်၌ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး

ရေကြည် ဇူလိုင် ၁၀

ပုသိမ်ခရိုင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက အခြေခံပညာ အထက်တန်းကျောင်း တေဇာသီရိခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးအရာရှိဦးတင်ထူးနိုင်က သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ကျေးလက်နေ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တောအုပ်ကြီး ဦးပိုင်မင်းဝေက သစ်တောနှင့် ရာသီဥတုပြောင်းလဲခြင်း ခေါင်းစဉ်ဖြင့် ဟောပြောသည်။



ထို့နောက် ကျောင်းဝင်းအတွင်း ရေတမာ၊ ကံ့ကော်၊ တပေဘူတ၊ ခရေစသည့်အရိပ်ရပင်နှင့် ပန်းပင် ၃၀ အား ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာန မြို့မ ပျိုးဥယျာဉ်သို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ရာ ကျောင်းသား ကျောင်းသူများအား ပျိုးပင်အမျိုးအစားများနှင့် ပျိုးပင်တစ်ခုချင်း၏ အသုံးဝင်ပုံများအား ရှင်းလင်းပြသပြီး ကျောင်းသား ကျောင်းသူများ နှစ်သက်စိုက်ပျိုးလိုသည့် ပျိုးပင်များအား လက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၀ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၈၀၀ |
| 95 Ron | ၂၈၁၅ | ၂၈၉၅ | ၂၈၇၅ | ၂၈၂၅ | ၂၈၉၅ | ၂၉၁၀ | ၂၉၂၀ | ၂၈၇၅ | ၃၀၀၅ | ၃၀၃၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၉၃၅ | ၃၃၄၀ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၀ | ၂၅၆၀ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၀ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၈၅ | ၂၆၀၀ | ၃၀၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၁ | ၂၆၂၄ |
| 95 Ron | ၂၆၆၈ | ၂၇၅၅ |
| HSD (500 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (50 ppm) | ၂၇၆၁ | ၂၈၄၆ |
| HSD (10 ppm) | ၂၇၆၁ | ၂၈၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကသာမြို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းနှင့်ဆေးဝါးများ လှူဒါန်း

ကသာ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်ပြည်သူများအား သစ်ပင်ချစ်သူများအဖွဲ့က စတုတ္ထအကြိမ်မြောက် စားသောက်ကုန်ပစ္စည်းနှင့်ဆေးဝါးများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၄ နာရီတွင် ရပ်ကွက်(၃) ခတ်ပေါင်းစုဓမ္မာရုံ၌ ကျင်းပသည်။

**ထောက်ပံ့လှူဒါန်း**

သစ်ပင်ချစ်သူများအဖွဲ့အနေဖြင့် ကသာမြို့ရှိ ရေဘေးသင့်အိမ်ထောင်စုများအား ပထမအကြိမ်တွင် အိမ်ထောင်စု ၅၀၊ ဒုတိယအကြိမ်တွင် အိမ်ထောင်စု ၁၂၀၊ တတိယအကြိမ်တွင် အိမ်ထောင်စု ၂၆၀ တို့ကို ထောက်ပံ့လှူဒါန်းခဲ့ပြီး ယခုစတုတ္ထအကြိမ်တွင် ရပ်ကွက်(၃)နှင့် ရပ်ကွက်(၄)မှ ရေဘေးသင့်အိမ်ထောင်စု ၃၅ စုအတွက် စားသောက်ကုန်ပစ္စည်းနှင့် ဆေးဝါးများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အေးမြသက်ထား



## သန်လျင်မြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း လာရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးအား သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် သန်လျင်ခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီက ဝမ်းပျက်ဝမ်းလျှောရောဂါ လူနာများအား ကုသရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်ချက်များအား ညှိနှိုင်းဆွေးနွေး မှာကြားသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်သို့ ရောက်ရှိပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျောင်းတိုက်တွင် အသုံးပြုရန် ကာဘော်လစ်ဆပ်ပြာနှင့် ခတ်ဆားထုပ်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သန်လျင်မြို့မဈေး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှုထမ်းရပ်ကွက်တို့ရှိ ရေစင်၊ ရေကန်၊ ရေတွင်းများ ကလိုရင်းဆေးခတ်ဆောင်ရွက်နေမှု၊ အများသုံး သန့်စင်ခန်းများတွင် ကာဘော်လစ်ဆပ်ပြာနှင့် လက်ဆေးဘေစင်များထားရှိမှု၊ သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကာဘော်လစ်ဆပ်ပြာနှင့် ခတ်ဆားထုပ်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**

## ဟသ်ာတမြို့နယ်အတွင်း၌ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြော



ဟသ်ာတ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်းရှိ ကျောင်းများတွင် မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများကို သိရှိလိုက်နာနိုင်စေရန် ဇူလိုင် ၉ ရက်က ဟသ်ာတမြို့ အမှတ်(၁) အလယ်တန်းကျောင်းနှင့် ရွှေကူကြီးကျောင်းကျောင်းခန်းမ၌ ဟောပြောပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာ ဒေါ်နေခြည်ထက်ထက်လင်းအောင် ဦးဆောင်သည့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ သူနာပြုများနှင့် ဟသ်ာတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်အသင်းဥက္ကဋ္ဌ ဒေါ်အိအိခင်ဦးဆောင်သောအဖွဲ့တို့က ကျောင်းသား ကျောင်းသူများအား “ပြင်းထန်ဝမ်းပျက်/ဝမ်းလျှော ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေး” ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ စနစ်တကျ လက်ဆေးနည်း သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့နှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ စာသင်ကျောင်းများရှိ မုန့်ဈေးတန်း၊ Street Food ဈေးတန်းများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးရှင်းလင်းခြင်း၊ ဟသ်ာတတက္ကသိုလ်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များတွင် စနစ်တကျ ချက်ပြုတ်/ရောင်းချခြင်းရှိ၊ မရှိ၊ ယင်နားခြင်းမရှိအောင် ဆောင်ရွက်ထားခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးနှင့်ကိုက်ညီစွာ ဆောင်ရွက်၍ ချက်ပြုတ်/ရောင်းချသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

## ပြင်းထန်ကာလဝမ်းရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပညာပေး

သုံးခွ ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ဈေးအတွင်း အပြင်သို့ ပြင်းထန်ကာလဝမ်းရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် Bleaching Powder (Chlorine) ဆေးခတ်ခြင်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းကပြုလုပ်ခဲ့ကြသည်။



### အသိပညာပေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ SOP များနှင့်အညီ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များက ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဈေးများနှင့် လူနေထိုင်သော ရပ်ကွက်/ ကျေးရွာများသို့ သွားရောက်၍သံဃာတော်များနှင့် ပြည်သူများအား ကာလဝမ်းရောဂါ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ပြောကြားပြီး ရေသုံးစွဲမှု၊ ရေအရင်းအမြစ်များအား ကလိုရင်း ဆေးခတ်ပေးပြီး လက်သန့်ဆေးရည်၊ လက်ဆေးဆပ်ပြာများ၊ ရေသန့်ဆေးပြားများပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## ဇလွန်မြို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ဇလွန် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မိုးရာသီကာလတွင်ဖြစ်ပွားမှုများနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် အထက(၁)ဇလွန်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းဇော်က အထက(၁)ဇလွန်ကျောင်းသား ကျောင်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများက စာသင်ကျောင်းများရှိ မုန့်ဈေးတန်း၊ Street Food ဈေးတန်းများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ရှင်းလင်းပြောကြားခဲ့ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။

ဇူလိုင်၊ ၂၀၂၄

# မင်းကင်းမြို့၌ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ယာယီရေဘေးရှောင်အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

မင်းကင်း ဇူလိုင် ၁၀

စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ယာယီပြောင်းရွှေ့ရန်လိုအပ်သည့် ရေဘေးရှောင် အိမ်ထောင်စုများအား ထောက်ပံ့ပေးခြင်းကို ယမန်နေ့ ညနေပိုင်းက မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဘေးစီမံဌာနမှ တာဝန်ရှိသူများက မင်းကင်းမြို့ အမှတ် (၃) ရပ်ကွက် ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်းကျေးရွာတို့၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မင်းကင်းမြို့ အမှတ် (၁) ရပ်ကွက်ရှိ ယွန်းဘုန်းတော်ကြီးကျောင်း ယာယီရေဘေးရှောင်စခန်းနှင့် အမှတ် (၃) ရပ်ကွက်ရှိ မင်းမဟာကျောင်းတိုက် ယာယီရေဘေးရှောင်စခန်းရှိ ပြည်သူ ၂၂၇ ဦးအတွက် မြို့နယ်ဘေးစီမံဌာနမှ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၉၅၃၄၀၀၊ ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်းကျေးရွာမှ ရေဘေးရှောင်ပြည်သူ ၂၀ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၈၄၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၃၇၄၀၀ ကိုလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဆိုပါ ရေဘေးရှောင်အိမ်ထောင်စု ၆၈ စုမှ လူဦးရေ ၂၄၇ ဦးအတွက် အိမ်ထောင်စုတစ်စုလျှင် မာမားခေါက်ဆွဲခြောက် ငါးထုပ်နှုန်းဖြင့် ငွေကျပ် ၂၀၄၀၀၀ တို့ကို ရေဘေးရှောင် ပြည်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့၌ ချင်းတွင်းမြစ်၏ စိုးရိမ်ရေအမှတ်မှာ ၁၃၅၀ စင်တီမီတာဖြစ်၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ချင်းတွင်းမြစ်၏ စိုးရိမ်ရေအမှတ်အထက် ၁၅၃၁ စင်တီမီတာတွင် ရောက်ရှိနေပြီး မြေနိမ့်ပိုင်းတွင် နေထိုင်ကြသော ဒေသခံအိမ်ထောင်စုများကို ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် မြစ်ရေမြင့်တက်မှု အခြေအနေများကို သိရှိနိုင်ရေး၊ လိုအပ်ပါက ပြောင်းရွှေ့နေရာချပေးနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **မင်းကင်း (ပြန်/ဆက်)**



# ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၀

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၆ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခွဲခန့် (၂၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေကျော်ခန့် (၁၈၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲကျော်ခန့် (၂၆၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခွဲခန့် (၂၈၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၁စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် (၁၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ၅၉၄ စင်တီမီတာသို့ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းပြီးဖြစ်ပါသည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ၅၈၅ စင်တီမီတာသို့ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အောက်သို့ ပြန်လည်ကျဆင်းပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



# ကျုံပျော်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ကျုံပျော် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ ရက်က ကျုံပျော်မြို့ ပင်လုံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျုံပျော်မြို့နယ်ဦးစီးမှူး ဦးသန်းစိုးအောင်နှင့် ဝန်ထမ်းများက ပြည်သူများအား နိုင်ငံသားကတ်အသစ်ပြုလုပ်ခြင်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်း၊ Biometric Data ကောက်ယူ၍ (UID) နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများအား သတ်မှတ်ချက်နှင့်အညီ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ပြီး အသက် (၁၆-၁၈)နှစ် ကြား နိုင်-၃(က) ၂၅ ဦးနှင့်၊ အသက် ၁၈ နှစ် အထက် နိုင်-၆(က) ၁၅ ဦး စုစုပေါင်း ၄၀ တို့အား ဆောင်ရွက်ပေးခဲ့ပြီး မှတ်ပုံတင်ကတ်ပြားများအား ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခန္တီးမြို့နယ် မြို့မရပ်ကွက် မြသိန်းတန်ဘုရားနှင့် ပေါ်မိုင်းရပ်ကွက် ဘုန်းတော်ကြီးကျောင်းတို့ရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# "ဝသန်မိုး" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် "ဝသန်မိုး" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ စိုးသူ၊ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဒုံချပ်၊ ဟံသာဟိန်းထက်၊ ခရစ္စတီးနား၊ ကြည်ဖြူခင်၊ မြန္မာ၊ မေဇွန်နှင့် ဖွေးစုစုထွေးတို့က ပရိသတ်များကို ပျော်ရွှင်ကြည်နူးမှုနှင့် အေးချမ်းသာယာမှုတို့ ပေးစွမ်းနိုင်မည့် မိုးရာသီဖွဲ့ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို ဇူလိုင် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သင်္ဘောသား အခြေခံလက်တွေ့နှင့် လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ကဖွင့်လှစ်သည့် ကုန်းပတ်သင်္ဘောသား အခြေခံလက်တွေ့သင်တန်းနှင့် အပျော်စီးသင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံးအခြေခံအင်္ဂလိပ်စာအခမဲ့ သင်တန်း အမှတ်စဉ်(၁)၏ သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်ရုံးတွင် ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်၊ အခြေခံကုန်းပတ်သင်္ဘောသားသင်တန်းနည်းပြဆရာ အငြိမ်းစား ကုန်းပတ်မှူး စအောင်ငွေနှင့် အခြေခံလုပ်ငန်းခွင်သုံး အင်္ဂလိပ်စာသင်တန်းဆရာမ ဒေါ်ချိုချိုပြုံးတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် သင်တန်းဆင်းကျောင်းသား ကျောင်းသူများကို သင်တန်းနည်းပြ ဆရာ ဆရာမများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ကုန်းပတ်သင်္ဘောသားအခြေခံလက်တွေ့သင်တန်းသို့ သင်တန်းသား ၂၄ ဦးတက်ရောက်ကြပြီးသင်တန်းကာလမှာစာတွေ့ လက်တွေ့ ငါးရက်ကြာမြင့်ခဲ့သည်။

အပျော်စီး သင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံးအခြေခံအင်္ဂလိပ်စာ အခမဲ့သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၄ ဦးတက်ရောက်ကြပြီး ငါးရက်ကြာပို့ချသည် ။

မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်သည် သင်္ဘောသား အကျိုးအတွက် အဆိုပါသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ဂန့်ဂေါမြို့နယ်၌ ငါးနှစ်အောက်ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ



ဂန့်ဂေါ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် အသက်နှစ်နှစ်မှ အသက်ငါးနှစ်အောက်ကလေးများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အနေဖြင့် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇူလိုင် ၈ ရက်မှ စတင်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတို့၌ စုရပ်နှစ်နေရာခွဲ၍ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဂန့်ဂေါခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးစန်းဝင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုးဆေးများကို ကလေးများ၏ အသက်အရွယ်အလိုက် သတ်မှတ်အကြိမ်အတိုင်း ထိုးနှံပေးပြီး ကာကွယ်ဆေးထိုးမှု အခြေအနေများကို ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

# တောင်သာမြို့နယ်၌ သန်းခေါင်စာရင်းဆိုင်ရာရှင်းလင်းပွဲ ကျင်းပ

တောင်သာ ဇူလိုင် ၁၀

မန္တလေး တိုင်းဒေသကြီး တောင်သာမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ် သန်းခေါင်စာရင်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံ အုပ်ချုပ်ရေးမှူး ဦးဟန်သူရက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်မြင့်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ ဈေးကွက်ဝင်ဆေးရွက်ကြီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိ

ပခုက္ကူ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကုက္ကိုလှ၊ ကျွန်းညိုကြီး၊ သံပုရာပင်ကုန်း၊ မြင်းကျွန်း၊ ကျွန်းညို၊ မှိုက်ပင်ကုန်း၊ တင်းဂပ်ကျေးရွာအုပ်စုများတွင် ပြည်တွင်းဈေးကွက်ခိုင်မာမှုရှိသော ဗမာဆေးရွက်ကြီးကို မြစ်ရေဝင်ကိုင်းကျွန်းမြေများ၌ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် ပျိုးခုံဝယ်ယူခ၊ သွင်းအားစုများ ရိတ်သိမ်းခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးချိန်ရာသီနှင့် သွင်းအားစုသုံးစွဲပုံ မတူညီခြင်းကြောင့် အထွက်နှုန်းကွဲပြားမှုရှိသော်လည်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် တစ်ဧကလျှင် ပျမ်းမျှအထွက်ပိဿာ ၁၁၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒေသတွင်း သီးနှံပေါက်ဈေးမှာ ဗမာဆေးရွက်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ဖြင့်လည်းကောင်း၊ ဆေးရိုး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့်လည်းကောင်း၊ ဆေးရွက်ကြီးပင်မှရရှိသော မျိုးစေ့မှာ တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀၀ ဖြင့်ရောင်းချရကြောင်း၊ ဝင်ငွေအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၉၉ သိန်းရရှိရာ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆၄ သိန်းခန့်ရရှိကြောင်း၊ ယခုနှစ်တွင် ဆေးရွက်ကြီး အထွက်နှုန်းကောင်းမွန်ခြင်းနှင့် ဈေးနှုန်းကောင်းမွန်ခြင်းတို့ကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။



### ဝယ်ယူလျက်ရှိ

ဈေးကွက်အနေဖြင့် ပခုက္ကူမြို့နယ်အတွင်းမှ ထွက်ရှိသော ဆေးရွက်ကြီးနှင့် ဆေးရိုးများကို ပခုက္ကူမြို့ပေါ်ရှိ ဆေးလိပ်ခုံလုပ်ငန်းရှင်များနှင့် ကွမ်းယာရောင်းဝယ်ရေး လုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်း ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ဟင်္သာတမှ ဝယ်လက်များသည် ကျေးရွာများအထိဆင်း၍ နှစ်စဉ်ဝယ်ယူလျက်ရှိကြောင်း၊ ရောင်းလိုအားဝယ်လိုအားကောင်းပြီး ပြည်တွင်းဈေးကွက်ခိုင်မာမှုရှိ၍ အကျိုးအမြတ်များစွာရရှိခြင်းကြောင့် တောင်သူများက ဆေးရွက်ကြီးပင်များကို နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



## ကန့်ဘလူမြို့နယ်ထွက် မတ်ပဲသီးနှံများ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်

ကန့်ဘလူ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် စပါး၊ ဆီထွက်သီးနှံများနှင့် ပဲအမျိုးမျိုး စိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံများကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ လက်ရှိအချိန်တွင် မတ်ပဲသီးနှံများ ဈေးကွက်အတွင်းသို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇူလိုင်လ ပထမပတ်အတွင်း၌ မတ်ပဲ(ဂျပန်)တစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ ဖြင့်လည်းကောင်း၊ မတ်ပဲရိုးရိုးတစ်တင်းလျှင် ငွေကျပ် ၉၇၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှထွက်ရှိသော မတ်ပဲများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် မတ်ပဲဈေးနှုန်းသည် ယခင်နှစ်ထက် ပိုမိုကောင်းမွန်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် မတ်ပဲစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## ကန့်ဘလူမြို့နယ်၏ ပဲတီစိမ်းသီးနှံ ဈေးနှုန်းဈေးကွက်

ကန့်ဘလူ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ရာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ထန်းကုန်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကံရိုးကျေးရွာနှင့် အခြားသော ကျေးရွာများတွင် ပဲတီစိမ်းကို စိုက်ပျိုးကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပဲတီစိမ်းများ ဈေးကွက်အတွင်းဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇူလိုင်လ ပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ ပဲတီစိမ်း(ထွက်တိုး) တစ်တင်းလျှင် ငွေကျပ် ၅၈၀၀၀၊ ပဲတီစိမ်း(ထွက်တိုး) အလုံးလှတစ်တင်းလျှင် ငွေကျပ် ၆၁၀၀၀ ဖြစ်ပြီး ပဲတီစိမ်းမှာ အလုံးလှပြီး အကွဲအနာကင်းလျှင် ဈေးပိုမိုရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှထွက်ရှိသော ပဲတီစိမ်းများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းဈေးနှုန်းသည် ယခင်နှစ်ထက် ပိုမိုကောင်းမွန်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## မအူလေးပင်ကျေးရွာ၌ နှမ်းနှမ်းများ စတင်ရိတ်သိမ်းရောင်းချ

မကွေး ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျစ်ကိုင်းကျေးရွာအုပ်စုတွင် စပါး၊ ကုလားပဲနှင့် နှမ်းစသည့် သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ မအူလေးပင်ကျေးရွာတွင် နှမ်းသီးနှံများကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းအနီမျိုးနှင့် နှမ်းအဖြူမျိုးများကို စိုက်ပျိုးထားရှိကြောင်း၊ နှမ်းသီးနှံများကို ဧပြီလတွင် စတင်စိုက်ပျိုးပြီး ဇူလိုင်လ လဆန်းပိုင်းတွင် စတင်ရိတ်သိမ်းလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၁ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် နှမ်းအနီတစ်တင်းလျှင် ငွေကျပ် ၁၁၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းအဖြူတစ်တင်းလျှင် ငွေကျပ် ၁၂၅၀၀၀ ဖြင့် လည်းကောင်း ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့် နှမ်းအနီတစ်ဧကလျှင် ငွေကျပ် ၈၆၅၀၀၀ ခန့်၊ နှမ်းအဖြူတစ်ဧကလျှင် ငွေကျပ် ၉၇၅၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့နှင့် မင်းဘူးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း နှမ်းနှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ ■

သတင်းရင်းမြစ်- စီးပွား/ကူးသန်း

### ၁၀-၇-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၆၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၂၅၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၅၇၉၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၁၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၇၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၅၈၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၆၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၅၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၂၈၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၂၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၂၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၂၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

မှတ်ချက်။

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"ဝသန်မိုး"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၁၂–၇–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ဝသန်မိုး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဖြစ်တတ်တဲ့သဘော | ပြင်ပအဆိုရှင် |
| ၂။ | အသည်းကွဲရက်ရာဇာ | ပြင်ပအဆိုရှင် |
| ၃။ | မိုး | ပြင်ပအဆိုရှင် |
| ၄။ | မိုးသည်းညမို့ပိုလွမ်းတယ် | ပြင်ပအဆိုရှင် |
| ၅။ | ဒီရင်ခွင်ခိုဝင်လှည့်ပါ | ပြင်ပအဆိုရှင် |
| ၆။ | ကုန်လွယ်လွန်းလိုက်တာ | ဌာနအဆိုရှင် |
| ၇။ | မပြိုပါနဲ့မိုး | ပြင်ပအဆိုရှင် |
| ၈။ | အကြင်နာအိပ်မက် | ပြင်ပအဆိုရှင် |
| ၉။ | မိုးနဲ့အတူငိုနေမယ် | ပြင်ပအဆိုရှင် |
| ၁၀။ | မိုးရွာတဲ့နေ့အသက်ရှင်ခြင်း | ပြင်ပအဆိုရှင် |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၃)၊ ဦးပိုင်အမှတ်(၇၄–ဃ)၊ ၃၂x၃၃ လမ်းကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းကျော်၏ (SP ရရှိသူ ဒေါ်တင်တင်မြ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၉၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးချမ်းမြေ့အောင်[၅/ရဘန(နိုင်)၂၀၃၀၅၁]က အမှုတွဲအမှတ် (၁၉၉၃/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ရောဝတီတိုင်း ဒေသကြီး၊ မြန်အောင်မြို့နယ်၊ အ.ထ.က ကနောင် Grade–11(A)မှ ကျောင်းဝင်အမှတ် (၃၆၆၂) မောင်ထက်ဝေယံလင်း၏ မိခင်အမည်မှန်မှာ ဒေါ်ရီချို [၁၄/မအန(နိုင်) ၁၇၆၂၉၄] ဖြစ်ပါသည်။

**ဒေါ်ရီချို**
**[၁၄/မအန(နိုင်)၁၇၆၂၉၄]**

## "ကန့်ကွက်နိုင်ပါကြောင်း"

ညောင်တုန်းမြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၉)၊ အကွက်အမည်– ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ (၀.၀၂၂)ဧကရှိ ဘိုးဘပိုင်မြေအား ဦးအောင်သုခိုင် ၏ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအောင်သုခိုင်**
**[၁၂/လသယ(နိုင်)၀၂၁၆၂၇]**
**၀၉ – ၄၂၁၀၅၁၉၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၆၀၆)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဒေါ်မြတ်ခိုင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ခင်ပွန်းဖြစ်သူ ဦးအောင်ကံညွန့် (ဘ) ဦးလှ[၁၂/ကမတ(နိုင်)၀၁၉၀၈၃]မှ မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၁၃၆၁/၂၀၂၄)၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်** ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ နတ်စင်ကျေးရွာနေ ကျွန်တော် မောင်ဝင်းတင့် (ဘ) ဦးကျော်ဝင်း [၉/တသန (နိုင်) ၂၁၂၀၃၁] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD–198439)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09–422295484

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ဟသ်ာတမြို့နယ်၌ သဘာဝဘေးဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေး အသင့်ပြင်ဆင်စုဖွဲ့ထားရှိ

ဟသ်ာတ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့နံနက် ၉ နာရီက ကယ်ဆယ်ရေးပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိမှုအခြေအနေများကို ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုခဲ့ကြသည်။

### လမ်းညွှန်မှာကြား

အဆိုပါတပ်ဖွဲ့ဝင်များအား ဟသ်ာတမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ရှာဖွေကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်ကွန်ရက်အဖွဲ့ဝင်များက စနစ်တကျပြင်ဆင်စုဖွဲ့ထားရှိမှုနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက



လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက လိုအပ်သည်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ သဘာဝဘေး ကြိုတင်ကာကွယ်ရန် ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ထားရှိမှုနှင့် သရုပ်ပြလေ့ကျင့်ဆောင်ရွက်

တိုက်ကြီး ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရှာဖွေကယ်ဆယ်ရေးစုဖွဲ့ထားရှိမှုနှင့် လေ့ကျင့်ဆောင်ရွက်မှု အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ချစ်ထက် ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ၊ ရေးဦးသူနာပြုစုခြင်း၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြစ်သော Power Unit၊ Hydraulic Cutter ၊ Hydraulic Spreader ၊ Hydraulic Ram၊ Air Lifting Bag များအသုံးပြု၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့အား သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း



# ရန်ကင်းမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကင်း ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် အတွင်းရှိ ရပ်ကွက်များ၊ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဈေးများ အတွင်း အဖွဲ့ခွဲကာ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် လူစည်ကားသည့် ဈေးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ အခြေခံပညာကျောင်းများတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးနှင့် ကူးစက်ပြန့်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် Mass chlorination ဆောင်ရွက်ခြင်း၊ ကျန်းမာရေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ အသိပညာပေး ပိုစတာများကပ်ခြင်း၊ ရေသန့်ဆေးများ၊ လက်သန့်ဆေးရည်များနှင့် ဓာတ်ဆားထုပ်များ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီသီလတ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များ၊ မြို့နယ် မိခင်နှင့်ကလေးအသင်း၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

### ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူး မြင့်သူ (ငြိမ်း)
**O.T.S (47)**
## အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်နေ ဒေါ်သန်းသန်းနု၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးထက်သူ၊ ဒေါ်ခိုင်သွဲ့သွဲ့သူ၊ ဒေါ်ခိုင်ခင်စုတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးမြင့်သူသည် ၇-၇-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၆:၂၀ နာရီတွင် နေအိမ်၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**O.T.S (47)မှ သူငယ်ချင်းများ**
**နှင့် မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာအုပ်စု၊ အောင်သုခ (၂)လမ်းထိပ်၊ အမှတ်(-)** (အရှေ့-အောင်သုခဘုန်းကြီး ကျောင်း(၁)လမ်း၊ အနောက်-(ရှမ်း-စိုးမြင့်သန်းခြံ၊ တောင်-အောင်သုခ(၂)လမ်း၊ မြောက်-ဦးစိုးဝင်းခြံ) **မျက်နှာစာ အလျား ၁၇ပေx အနံ ၆၀ပေ** အကျယ်ရှိ ခြံမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်အား အရပ်စာချုပ် အဆက်ဆက်ဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဦးသန်းဝင်း[၁၂/ကမန(နိုင်)၀၆၇၆၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ် တစ်ပိုင်းပေးချေထားပြီးဖြစ်၍ယင်းခြံမြေအရောင်းအဝယ်ပြု လုပ်ခြင်းကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၂၈၈/၂၀)**
**အမှတ်- ၇၊ ၅ လမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ (၃၉)လမ်း၊ မြေကွက်အမှတ် (J- ၄၇) ဟုခေါ်တွင်သည့် (၄၀x၆၀)ပေအကျယ်ရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးကျော်ခင် (ဘ) ဦးသန်းမောင် [၁၂/သလန (နိုင်) ၀၃၀၀၈၆] အမည်ဖြင့် ချထားပေးသည့် (စလစ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်အရောင်း အဝယ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့် ရှိကြောင်း အဆိုပြုသူ ဒေါ်စိုးစိုးကြည် (ဘ) ဦးမြအေး [၁၂/သလန (နိုင်) ၀၇၃၄၉၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာအောင် (ဘ) ဦးမျိုးအောင် [၁၂/သလန (နိုင်) ၀၈၅၀၁၉] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက် အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်း အဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၈၉၄၉/၂၀၁၃)** | **(စဉ် - ၉၇၃၄/၂၀၁၄)** |
| **ဖုန်း- ၀၉-၄၂၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြည်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအကွက်အမှတ်(၉/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၀၉)၊ မြေဧရိယာ ၀ ဒသမ ၀၂၇၅ ဧကရှိ မြေကွက်အား မြေငှား ဂရန်သစ် လျှောက်ထားနိုင်ရေး ဒေါ်ရီသား [၉/မမန(နိုင်)၀၄၉၂၈၅]မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြိုပွဲပွင့်တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန်

**“ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၃/ဒီ၊ မြေကွက်အမှတ် (၈၄/ဘီ)၊ (၈၅/ဘီ)၊ ဧရိယာ (၀.၀၄၈)ဧကရှိ နှစ်(၆၀) မြေငှားဂရန်၊ မြေအမည်ပေါက် ဒေါ်ဌေးဌေးဝင်းနှင့် ဒေါ်ခင်အေး သာ ပူးတွဲပိုင်ဆိုင်သည့် အမှတ်- ၁၂၃၊ စောရန်ပိုင် (မြောက်ပိုင်း) ရပ်ကွက်၊ ဆင်မင်းလမ်း (ဆင်မင်းကွက်သစ်)လမ်းဟု လိပ်စာတွင်သည့် မြေပေါ်တွင် မြေရှင် (၂)ဦးနှင့် ကန်ထရိုက်တာ ဦးတင်ထွန်း + ဒေါ်မြင့်စန်း တို့အကျိုးတူ ပူးပေါင်းကာ (၂)ခန်းတွဲ (၈)ထပ်ခွဲ ခါတ်လှေကားတပ်ဆင်ထားသည့် Mini Condo တိုက်ခန်းအား ဆောက်လုပ်လျက်ရှိပြီး ယင်းတိုက်ခန်းများအနက် မြေရှင် ဒေါ်ဌေးဌေးဝင်း အကျိုးခံစားရရှိမည့် အဆိုပါတိုက်၏ ဒုတိယထပ် (၃လွှာ/ဝဲဘက်)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကြိုပွဲပွင့်စနစ်ဖြင့် အရစ်ကျဝယ်ယူထားသူ ဒေါ်စိုးသန္တာဝင်း [၁၄/လပတ(နိုင်) ၀၀၀၉၁၇]က** အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဆင့်ပြန်လည်ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်း လာရာ ကျွန်ုပ်မိတ်ဆွေများကလည်း ယင်းတိုက်ခန်းအား အရစ်ကျစနစ်ဖြင့်ပင် ဝယ်ယူရန်အတွက် တိုက်ခန်း၏ ကာလတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကြိုပွဲပွင့်စနစ်ဖြင့် တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်း အဝယ် ပြီးဆုံးသည့်တိုင် အဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **၁။ ဦးဆုနိုင်** | **ဦးဇော်မင်းဦး LL.B** |
| **၂။ ဦးထွန်းလင်းအောင်** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)** |
| **၃။ ဒေါ်နန်းမိုးစန္ဒီလွင်** | **အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊** |
| **၄။ ဒေါ်မြအေး (ခ) မြမြအေး** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉- ၂၅၄၈၆၆၄၀၇** |

## ဒေါ်မိမိကြီး
### အကြီးတန်းအုပ်ချုပ်ရေးအရာရှိ (ငြိမ်း)
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် (၅၁/ခ)၊ ရွှေမန်းမြိုင်လမ်းသွယ်၊ (၇)မိုင်ခွဲနေ (ဦးထွေး-ဒေါ်မြင့်မြင့်)တို့၏ သမီး၊ (ဦးဇင်မြင့်)-ဒေါ်မမကြီးတို့၏ညီမ၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်စိုးဝင်းထွေး၊ ဦးမျိုး အောင်- ဒေါ်ခင်စိမ်းဝင်းထွေးတို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ ကြီးတော်၊ မြေး ခြောက်ယောက်တို့၏ဘွားဘွားကြီး ဒေါ်မိမိကြီးသည် ၉-၇- ၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇- ၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅- ၇- ၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊မှော်ဘီမြို့နယ်၊ ထိန်စွန်းကျေးရွာအုပ်စု၊ ပါရမီရိပ်မွန်၊ ထိန်စွန်း (၁၁)လမ်း အမှတ်(-)** အရှေ့- ထိန်စွန်း(၁၁)လမ်း၊ အနောက်- ဒေါ်ခင်အေးချိုခြံ၊ တောင်- ထိန်စွန်းလမ်းမကြီးဘက်၊ မြောက်- ဦးကျော်သန်းခြံ တည်ရှိသော **မျက်နှာစာ အလျား ၁၂၀ ပေ အနောက် ၉၈ ပေ x အနံ ၆၀/၉၈ ပေ** အကျယ်ရှိ မြေနှင့်နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးဝဏ္ဏ(ခ)ဦးဝင်းတင် [၁၂/ဒဂန(နိုင်)၀၂၃၆၂၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီး ဖြစ်၍ ယင်းမြေနှင့်နေအိမ် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၂၈၈/၂၀)**
**အမှတ်- ၇၊ ၅ လမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုလဲ(၁)လမ်း၊ အမှတ် (၃၆၈) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေနှင့် နေအိမ်အား အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းနိုင် [၁၂/ဥကမ(နိုင်)၁၆၀၈၇၃] ပါ (၇)ဦးထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ပြာလင်း [၁၂/ဥကမ(နိုင်)၁၈၃၀၀၅]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၅)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက် အမှတ် (၃/စီ-၁)၊ မြေကွက်တည်နေရာအမှတ် (၆)၊ အောင်မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် Ma Hawa အမည်ပေါက် ဘီလ/န ၃(ခ) မြေအား အမည်ပေါက် Ma Hawa(ခ) မဟာဝါဘီဘီ(ခ)မဘဝါထံမှ အရောင်း အဝယ်စာချုပ်အမှတ်- ၁၀၀၅/၁၉၈၆(၆-၁၁-၁၉၈၆)ဖြင့် ဝယ်ယူထားသူ ဦးမာရီမူတူး(ယောက္ခထီး)သည် (၂၃-၆-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ဟာရီမာ(ခ)ပိုက္ကရီအမား(ယောက္ခမ)သည် ၄-၁၀-၁၉၉၆ ရက်နေ့တွင် လည်းကောင်း၊ သား(၃)ဦးရှိသည့်အနက် သားကြီးဖြစ်သူ ဦးမောင်စိုး(ခ) လက်ချာမာနန်းသည် ဖခင်ထက်စော၍ ၁၃-၁၀-၂၀၂၃ ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီး အမွေစားအမွေခံသားသမီးလည်းမရှိပါသဖြင့် အမွေ ဆက်ခံခွင့်မရှိကြောင်း၊ သားလတ်ဖြစ်သူ ဦးမောင်မြင့်သည် ၆-၃-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ သားငယ်ဖြစ်သူ ဦးမောင်ဘသည် ၂၀-၈-၂၀၂၃ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဦးမောင်မြင့်၏ ပိုင်ဆိုင်မှုအစုအတွက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ကပလာ [၁၂/သဃက(ပြု) ၀၀၃၃၈၅]နှင့် ဦးမောင်ဘ၏ ပိုင်ဆိုင်မှုအစုအတွက် ၎င်း၏ဇနီးဖြစ်သူ ဒေါ်လှဝင်း [၁၀/မလမ(နိုင်)၁၈၂၉၁၉]တို့က တရားဝင်အမွေဆက်ခံခွင့် ရှိသည့် ဇနီးများတော်စပ်ကြောင်း ၎င်းတို့(၂)ဦးမှလွဲ၍ အခြားသောအမွေ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ- ၁၄၈၉/၂၇-၅-၂၀၂၄၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စု စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်(၁)တွင် ၁၉၉၀-ခုနှစ် ဒေါ်မြိုင် မြေပုံကူးလျှောက်မှတ်ချက်ရှိပြီး ယင်းမြေစာရင်းနှင့်ပတ်သက်၍ လျှောက်ထားသူနှစ်ဦးမှ ဒေါ်မြိုင်ကို မသိရှိကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာပါသဖြင့် ယခုပိုင်ဆိုင်/အရောင်း မြေပုံကူးလျှောက်ထားမှုကို တရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်မြိုင်
## အသက်(၁၀၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းသွယ် (၁၃)၊ တိုက်အမှတ် (၁၁၅)၊ အခန်း (၂)နေ (ဦးငွေခိုင်)၏ ဇနီး၊ ဒေါက်တာဦးရဲဝင်း-ဒေါ်ဌေး ဌေးဦး၊ ဦးခင်မောင်စန်း- ဒေါက်တာဒေါ်အေးအေးမြင့်၊ ဦးသက်ခိုင်-ဒေါ်မြင့်မြင့်ဌေး၊ ဒေါ်တင်မေခိုင်၊ ဦးအောင်စိုးမြင့်တို့၏ မိခင်၊ မြေး လေးယောက်၊ မြစ် နှစ်ယောက်တို့၏ ဖီးဖီးကြီး ဒေါ်မြိုင် အသက်(၁၀၅)နှစ် သည် ၁၀-၇-၂၀၂၄( ဗုဒ္ဓဟူးနေ့ ) နံနက် ၄ နာရီ တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၇- ၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ များအား အသိပေးအကြောင်းကြားပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက် အမှတ်(လလ-၂၆)၊ ဦးပိုင်အမှတ် (၆/ခဲစင်း)၊ ၆၀ Ax၆၀ Bလမ်းကြား၊ ဒေါ်စောလှ၊ ဒေါ်အေးမြ အမည် ပေါက် ဂရန်မြေကွက်အား ဒေါ်စောလှထံမှ မှတ်ပုံတင် စွန့်လွှတ်စာချုပ်အမှတ် (၂၉၇၂/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်အေးမြ[၉/မရမ (နိုင်)၀၀၅၉၆၀]က အမွေတွဲအမှတ် (၁၉၇၉ / ၂၀၂၄ - ၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/ ရွှေနံ့သာအရှေ့ရပ်၊ မြေဧရိယာ (၀.၀၈၂)ဧက၊ မြေကွက်အမှတ် (ဥ-၁၅၄၆) ဦးခိုင်မြင့် အဖအမည် ဦးဖိုးထောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ ဥတသ(နိုင်) ၀၀၄၄၈၆] အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်စံပယ် အဖအမည် ဦးကြည်မောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ပမန(နိုင်) ၁၆၅၂၆၂]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး **မြေငှားစာချုပ်**လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၄ကံဘဲ့၊မြေကွက်အမှတ်- ၇/၆၀၊ဧရိယာ(၀.၀၅၇)ဧက၊မြေကွက်တည်နေရာအမှတ်(၃၇၄)၊အရှေ့ဝါယာ လက်လမ်း၊(၉)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ဦးတင်အောင်အမည်ပေါက်နှစ် (၆၀)မြေငှားဂရန်မြေအားအမည်ပေါက်ခင်ပွန်းဖြစ်သူဦးတင်အောင်သည်(၂၂- ၈-၂၀၀၃)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်ခင်ခင်(၁၂/မရက (နိုင်)၀၇၅၈၄၃)မှတစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း၊မိမိမှ လွဲ၍အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက် ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့်မိမိမှလွဲ၍အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့် သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းတရားရုံးကျမ်းကျိန်လွှာအမှတ်-၂၁၆/ ၂၀၂၄(၃-၆-၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊နှစ်(၆၀)မြေငှားဂရန်၊နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရား ဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ် နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာ အပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ




## အားကစားမြှင့်တင်စိတ်လန်းရွှင်
## ဆန့်ကျင်မူးယစ်ဆေး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်...**

❖ **စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး...**

❖ **“ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်” ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်း လိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင် အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## မြန်မာနှင့် အိန္ဒိယ အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းတို့ ခြေစမ်းပွဲ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၀

FIFA နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် အိန္ဒိယလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့၏ ဒုတိယပွဲစဉ်ကို ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးမည်ဖြစ်သည်။

သတင်းစဉ်

---

**ယနေ့ ဖတ်စရာ**

**ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၉ ဘီလီယံရှိ**

စာမျက်နှာ » ၁၃

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

---

## FIFA-MFF ယူ-၁၇ လိဂ်ပြိုင်ပွဲတွင် ရှမ်းအသင်း ချန်ပီယံဆုရရှိ

ရန်ကုန် ဇူလိုင် ၁၀

FIFA–MFF ယူ–၁၇ လိဂ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းအသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုရရှိခဲ့သည်။

ယခုပွဲမတိုင်မီ ၅၄ မှတ်ရထားသည့် ရခိုင်ယူနိုက်တက်နှင့် ၅၃ မှတ်ရထားသည့် ရှမ်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့် နောက်ဆုံးပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်နေပြီး ရှမ်းအသင်းက နိုင်ပွဲရယူကာ ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် အနိမ့်ဆုံး သရေကစားနိုင်ရုံဖြင့် ချန်ပီယံဖြစ်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✱




ချန်ပီယံ ရှမ်းအသင်း အောင်ပွဲခံနေစဉ်။

---



## MFF အပျော်တမ်း ဖူဆယ်ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

၂၀၂၄ MFF အပျော်တမ်း ဖူဆယ်ပြိုင်ပွဲ Pre Knock Out ပွဲစဉ်များကို ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

Pre Knock Out ပွဲစဉ်များတွင် Seven အသင်းက 5 TWSP အသင်းကို ကိုးဂိုး–သုံးဂိုး၊ Marga အသင်းက တော်ဝင်နန်းအသင်းကို ငါးဂိုး–သုံးဂိုး၊ College အသင်းက Futsal–94 အသင်းကို ကိုးဂိုး–နှစ်ဂိုး၊ Jullniss အသင်းက RE United အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၁၆ သင်း ရှုံးထွက်အဆင့် ပွဲစဉ်များကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၁၁ ရက်တွင် 7 Brothers အသင်းနှင့် ပစ်တိုင်းထောင်အသင်း၊ Gold Dream အသင်းနှင့် Fanatics အသင်း၊ လက်ဝဲလူငယ်အသင်းနှင့် Sar Bal Gyi Doh အသင်း၊ RPG အသင်းနှင့် Bushido အသင်း၊ ဇူလိုင် ၁၂ ရက်တွင် Power HBI အသင်းနှင့် Seven အသင်း၊ FCT Youth အသင်းနှင့် Marga အသင်း၊ ကြယ်စင်လင်းအသင်းနှင့် College အသင်း၊ Yankin Brotherhood အသင်းနှင့် Jullniss အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

Jullniss အသင်းနှင့် RE United အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

သတင်း–ကိုညီလေး

ဓာတ်ပုံ–MFF